# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၁၂) ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၉ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၂)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၈၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ (၈၃.၇၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များ ထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပတ်သက်ပြီး အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ဇယားနဲ့ ဖတ်ပြပါမယ်။

ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး၊ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀) ယောက္ခမနာရေး၊ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉) ကျန်းမာရေး၊ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး၊ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ဆေးပညာ နှီးနှောဖလှယ်ပွဲတက်ရန်၊ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ပြည်ပခရီးစဉ်၊ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကိုယ်ရေးကိုယ်တာ၊ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ မိသားစုကိစ္စ၊ ဦးလှသိန်း၊ မွန်(၆)၊ မိသားစုကိစ္စ၊ ဦးအေး၊ မန္တလေး(၇)၊ ကျန်းမာရေး၊ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကျန်းမာရေး၊ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စ၊ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေး၊ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်ရေးကိုယ်တာ တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၂၂၂) ဦး၊ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆) ဦး ဖြစ်၍ လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၆) ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့

ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာတရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းခန္နန်းထား၊ ပိုက်လိုင်းဖောက်လုပ် ဖြတ်သန်းသည့် ပြည်နယ်/တိုင်းများတွင် ထိခိုက်သည့်အခြေအနေ၊ ပိုက်လိုင်းဖြတ်သန်း၍ ဆုံးရှုံးရသည့် နိုင်ငံသားများ အတွက် လျော်ကြေးစသည်တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က မြန်မာတရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းခန္နန်းထား၊ ပိုက်လိုင်းဖောက်လုပ် ဖြတ်သန်းသည့် ပြည်နယ်/တိုင်းများတွင် ထိခိုက်သည့်အခြေအနေ၊ ပိုက်လိုင်း ဖြတ်သန်း၍ ဆုံးရှုံးရသည့် နိုင်ငံသားများအတွက် လျော်ကြေးစသည် တို့နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရန် မေတ္တာပို့သဆုတောင်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနိုင်ငံက ထွက်ရှိတဲ့ သဘာဝသယံဇာတပစ္စည်းတွေကို ကျွန်တော်တို့ဟာ အကြောင်းအမျိုးမျိုးတို့ကြောင့် ထုတ်လုပ်ပြီးကာမှ ရောင်းချခြင်း၊ ဖွံ့ဖြိုးမှုလုပ်ငန်းနဲ့ပတ်သက်လို့ ဆောင်ရွက်ခြင်းတွေ လုပ်နေကြရပါတယ်။ တစ်လောကဆိုရင်လည်းပဲ မြစ်ဆုံစီမံကိန်းတို့၊ ကျွန်တော်တို့ လွှတ်တော်ကပဲ နိုင်ငံတော်သမ္မတကြီးရဲ့ စာလွှာကြောင့် ကျွန်တော်တို့ ရပ်ဆိုင်းခဲ့ကြပြီးပါပြီ။ အခု ကြယ်နီနောင်စီမံကိန်းတို့၊ တစ်ခါလည်းပဲ နိုင်ငံရဲ့ အင်မတန်အရေးကြီးတဲ့ကဏ္ဍ တစ်ခုအနေနဲ့ ပြည်သူတွေရဲ့ ပြောဟောဆွေးနွေးကြတဲ့ အပိုင်းမှာ ရောက်ရှိနေပါတယ်။

အဲသလိုပဲ ကျွန်တော်တို့ရဲ့ မဟာဗျူဟာအရ အရေးကြီးတဲ့ ပထဝီနိုင်ငံရေး ဆက်ကြောင်းပေါ်မှာ တည်ရှိနေတဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းနဲ့ တစ်စပ်တစ်ဆက်တည်းဖြစ်တဲ့ ကျွန်တော်တို့ရဲ့ မြန်မာ့ပင်လယ်ပြင်ကြီးထဲက ထွက်တဲ့ ဒီသဘာဝ သယံဇာတပစ္စည်းတွေဟာ အင်မတန်မှ နိုင်ငံအတွက်လည်း အကျိုးရှိ၊ ပြည်သူလူထု တစ်ရပ်လုံးအတွက်လည်း အကျိုးရှိဖို့အတွက် ကျွန်တော်တို့ဟာ အင်မတန် အရေးကြီးပါတယ်။ အဲဒီလို သဘာဝသယံဇာတပစ္စည်းတွေကို ထုတ်လုပ်ပြီးကာမှ နိုင်ငံ့ လိုအပ်ချက်အရ ဖြစ်ဖြစ်၊ သဘာဝသယံဇာတပစ္စည်းတွေကို ထုတ်တဲ့အခါမှာ ခုနက သဘာဝပတ်ဝန်းကျင် ထိခိုက်ခံရပြီးကာမှ ကျွန်တော်တို့ဟာ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းကို ယူတဲ့အခါမှာ ဝေဖန်မှုအမျိုးမျိုးနဲ့ ကြုံတွေ့နေကြရတာ ယနေ့ပါ။

အဲဒီတော့ ဘယ်လိုပဲ ကျွန်တော်တို့ရဲ့ သဘာဝပတ်ဝန်းကျင်ဝါဒီတွေက ခုနကလို အကြောင်းအမျိုးမျိုးနဲ့ ကျွန်တော်တို့ ဆွေးနွေးပြီးကာမှ ချပြနေသော်လည်းပဲ ဖွံ့ဖြိုးမှုလုပ်ငန်း လုပ်တဲ့ကဏ္ဍမှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက် အလျော့နည်းဆုံး ဖြစ်အောင် ကြိုးစားပြီးကာမှ ဖွံ့ဖြိုးရေးလုပ်မယ့် ပုဂ္ဂိုလ်တွေဟာ ကြိုးစားဆောင်ရွက်နေ ကြတာကိုလည်း တွေ့ရပါတယ်။ အင်မတန် ကျွန်တော်တို့ရဲ့ နိုင်ငံသယံဇာတတွေကို လက်ရှိကာလမှာ ထုတ်ယူသုံးစွဲတဲ့အပိုင်း ရှိသလို၊ သဘာဝ ပတ်ဝန်းကျင် မထိခိုက်၊ မပျက်စီးဖို့အတွက် လက်ရှိတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေမှာပါ၊ တာဝန်ကြီးကြီးမားမား ရှိနေ တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ရဲ့ သဘာဝသယံဇာတကို ထုတ်တဲ့အခါမှာ ခုနက တိုင်းပြည်အတွက်လည်း အကျိုးရှိ၊ နိုင်ငံ့ရေရှည်အတွက်လည်းပဲ နောင်လာနောင်သား အတွက်လည်း ချန်ထားခဲ့နိုင်အောင် ကျွန်တော်တို့ဟာ ကြိုးစားတည်ဆောက်ကြတဲ့ အပိုင်းကို တွေ့ရှိကြရပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ကျွန်တော် ဒီမေးခွန်းကို မမေးခင်၊ ဒီမေးခွန်းဟာ ပြီးခဲ့တဲ့ စတုတ္ထအကြိမ်၊ ကျွန်တော်တို့ရဲ့ လွှတ်တော်မှာ ဆွေးနွေးဖို့အတွက် ကျွန်တော် ဇူလိုင်လ (၂၃)ရက်နေ့မှာ တင်ပြထားခဲ့တဲ့ မေးခွန်း ဖြစ်ပါတယ်။

အထူးသဖြင့် ကျွန်တော်ဟာ ရခိုင်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဖြစ်တဲ့အခါမှာ ရခိုင်ပြည်နယ်နဲ့ ဆက်စပ်နေတဲ့ ပြည်ထောင်စု တစ်ခုလုံးရဲ့အကျိုးအတွက် ဒီမေးခွန်းကို မေးမြန်းလိုပေမယ်လို့လည်း၊ ပထမ၊ ကျွန်တော်တို့

စတုတ္ထအကြိမ် လွှတ်တော်မှာ ကျွန်တော်တို့ ရခိုင်ဒေသ၊ အမ်းနဲ့ပတ်သက်လို့ပဲ ကျွန်တော် မေးခွင့် ရှိခဲ့ပါတယ်။

ဒီမေးခွန်းကို ကျွန်တော် မေးရခြင်း ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတစ်ခုလုံးကို ဖြတ်သန်းသွားပြီးကာမှ၊ ခါးလည်က ဖြတ်သန်းသွားပြီးကာမှ နှစ်ပေါင်းများစွာ ကျွန်တော်တို့ရဲ့ ဝန်ထုပ်ဝန်ပိုးအဖြစ် တိုင်းပြည်အတွက် အကျိုးရှိ၊ တစ်ဖက်နိုင်ငံအတွက်လည်း အကျိုးရှိတဲ့ ဒီလုပ်ငန်းအပေါ်မှာ သဘာဝပတ်ဝန်းကျင် ထိခိုက်သက်သာဆုံးနှင့် နှစ်နိုင်ငံ အကျိုးရှိအောင် ဘယ်လိုလက်ရှိ သို့မဟုတ် ယခင်အစိုးရ အဆက်ဆက်ဟာ ဘယ်လို လုပ်ထားခဲ့တယ်ဆိုတာ သိစေချင်လို့ ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ရဲ့ ဒီရွှေဂက်စ်နဲ့ ပတ်သက်တဲ့ ဧရိယာဟာ ပွင့်ပွင့် လင်းလင်းပြောရင် (၄.၈)မိုင်အလျားရှိပြီးကာမှ၊ အနံ (၃.၂)မိုင် ပဲ ရှိပါတယ်။ ဧရိယာ (၄၃၉၈)ဧကလောက် ရှိပါတယ်။ ဒီသဘာဝဓာတ်ငွေ့ ရွှေဂက်စ်က ကျွန်တော်တို့ ခန့်မှန်းတာ ကတော့ဖြင့် (၄.၅)ထရီလီယံ ကနေ (၇.၇) ထရီလီယံ ထွက်ပြီးကာမှ နှစ်ပေါင်း(၂၅)နှစ် ကနေ (၃၀)လောက်အထိ ဒါထုတ်လုပ် နိုင်မယ်။ တစ်နေ့ကို ကုဗပေ သန်း(၅၀၀)နှုန်း ပို့လွှတ်နိုင်မယ်ဆိုပြီးကာမှ ခန့်မှန်းထားပါတယ်။ လာမယ့် ၂၀၁၃၊ မေလ(၁)ရက်နေ့မှာ ဒီလုပ်ငန်းစပြီးကာမှ အမေရိကန်ဒေါ်လာ ဘီလီယံ (၂၉)လောက် ခန့်မှန်းခြေဝင်ငွေ ရှိမယ် လို့လည်း ခန့်မှန်းထားတာကို တွေ့ရပါတယ်။ ဒါဟာ ရွှေဂက်စ်နဲ့ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ ရရှိမယ့် တန်ဖိုး ခန့်မှန်းခြေပါ။

အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ ကျောက်ဖြူရေနက်စခန်းကို ကျွန်တော်တို့ရဲ့ ဒီပြီးခဲ့တဲ့ အစိုးရနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ရဲ့ သဘောတူညီချက်အရ မဒဲကျွန်းမှာ ဒီ ရေနက်ဆိပ်ကမ်း တည်ဆောက်ပြီးကာမှ တရုတ်ပြည်ရဲ့ စွမ်းအင်ရဲ့ လိုအပ်ချက်အရ ကျွန်တော်တို့ ပိုက်လိုင်း(၂)သွယ်၊ ကျွန်တော်တို့ရဲ့ သဘာဝသယံဇာတဖြစ်တဲ့ ပင်လယ်ပြင်က ထွက်တဲ့ ရွှေဂက်စ်ကို ရောင်းချသလို၊ ဟိုဘက်က အာဖရိက က တင်ယူလာမယ့် ရေနံ ပိုက်လိုင်းကိုလည်းပဲ ခုနက ဒီဘက်က မလက်ကာ ဖြတ်လမ်းကို အင်မတန် ခက်ခဲပင်ပန်းမှာ စိုးလို့၊ အန္တရာယ်တွေ များမှာစိုးလို့ ကျွန်တော်တို့ရဲ့ ဒီဘက်က ဒီအိန္ဒိယသမုဒ္ဒရာနဲ့ ဖြတ်လမ်းယူပြီးကာမှ ဟိုဘက်က နန်နန်းအထိ ပို့မယ်ဆိုတဲ့ ဒါ ရေနံပိုက်လိုင်း စီမံကိန်း၊ ပိုက်လိုင်း(၂)သွယ် စီမံကိန်း ဖြစ်တယ်ဆိုတာလည်း ကျွန်တော်တို့ သဘောပေါက်တဲ့

အခါမှာ ဒီ မိမိရဲ့ သဘာဝဓာတ်ငွေ့ကို ထုတ်လုပ်ရောင်းချတယ် ဆိုတာကတော့ တစ်ပိုင်းပေါ့လေ၊ ဒါပေမဲ့ သူများ ၊ ဥပမာ- အာဖရိက က ဝင်လာပြီးကာမှ မြန်မာ့၊ ခုနက ခါးလည်ကဖြတ်ပြီးကာမှ ယူသွားမယ့် ဒီ နှစ်ပေါင်း(၃၀) သို့မဟုတ် ဒီထက်ကြာမယ့် ခုနက ရေနံသွယ်တန်းမှု ပိုက်လိုင်းကို နှစ်နိုင်ငံ အကျိုးရှိရှိ၊ ခုနက ကျွန်တော်တို့ရဲ့ သဘာဝပတ်ဝန်းကျင်၊ ခုနက တင်ပြခဲ့တဲ့ သဘာဝပတ်ဝန်းကျင်၊ နိုင်ငံရဲ့ အကျိုးစီးပွားတွေကို ထိခိုက်ခံပြီးကာမှ ကျွန်တော်တို့ရဲ့ မိမိပိုင်တဲ့ အချုပ်အခြာအာဏာ နယ်မြေထဲကနေဖြတ်သန်းပြီးကာမှ တရုတ်နိုင်ငံရဲ့ စွမ်းအင် လိုအပ်ချက်ကို ကူညီဖြည့်ဆည်းပေးတဲ့ ဒါနိုင်ငံပိုင်မြေကို ငှားရမ်းတဲ့ စီးပွားရေးလုပ်ငန်း တစ်ခုလို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။

အဲဒီလို နိုင်ငံပိုင်မြေကို ငှားရမ်းပြီးကာမှ သွယ်တန်း၊ ခုနက ကျွန်တော်ပြောတဲ့ ဒါ ရေနံနဲ့ ပတ်သက်တဲ့ ပိုက်လိုင်းပါ။ ရွှေဂက်စ်ကတော့ ခုနလို သဘာဝဓာတ်ငွေ့ကို ထုတ်လုပ်ရောင်းချတဲ့ဟာ ဆိုတာကတော့ ကိစ္စမရှိဘူး။ ဒါပေမဲ့ ရေနံပိုက်လိုင်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ရဲ့ ဒီမြေကို ငှားရမ်းပြီးကာမှ ကျွန်တော်တို့ရဲ့ ဒီကျောပေါ်ကို ခွစီးပြီးကာမှ တစ်နိုင်ငံရဲ့ ရေနံစွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးမယ့် ကိစ္စမျိုးမှာ ခုနကလို စီးပွားရေးဆန်ဆန်၊ နှစ်နိုင်ငံ၊ နှစ်ဖက်အကျိုးရှိရှိ ကျွန်တော်တို့ဟာ စာချုပ်စာတမ်းက အင်မတန် အရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ဒီတွက်ချက်မှု အရဆိုလို့ရှိရင် တရုတ်အစိုးရဟာ ဖြတ်သန်းခအနေနဲ့ တစ်နှစ်ကို အမေရိကန်ဒေါ်လာ သန်း(၁၅၀)နှုန်းနဲ့ နှစ်ပေါင်း (၃၀)လောက် ကျွန်တော်တို့ ပေးမယ်၊ ခန့်မှန်းခြေဒေါ်လာ (၄.၅)ဘီလီယံလောက် ပေးမယ်ဆိုတဲ့ သတင်းဟာ ထွက်ပေါ်နေပါတယ်။

အဲဒီတော့ အဲဒီကိစ္စတွေနဲ့ပတ်သက်လို့ ယခင်အစိုးရကာလက ချုပ်ဆိုခဲ့တဲ့ စာချုပ်များဟာ ဒီနေ့ ဒီမိုကရေစီအစိုးရခေတ် လက်ထက်မှာ နှစ်နိုင်ငံ ချစ်ကြည်ရေး၊ နှစ်နိုင်ငံ ပြည်သူချင်း ချစ်ကြည်ရေးတို့ကို ရှေးရှုပြီးကာမှ အချိန်မရွေး နိုင်ငံသားအကျိုးငှာ အစစ်ဆေးခံနိုင်သော ပွင့်လင်းမြင်သာတဲ့ နိုင်ငံတကာနဲ့ ယှဉ်နိုင်တဲ့ သဘောတူညီချက်မျိုး၊ စာချုပ်မျိုး ဖြစ်ဖို့ဟာ အင်မတန် အရေးကြီးပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ရဲ့ မဟာဗျူဟာအရ ၊ အမျိုးသားလုံခြုံရေးအရ အင်မတန် အရေးကြီးတဲ့ အိန္ဒိယသမုဒ္ဒရာရဲ့ အင်အားရှိကွန်ချာအရ အရေးကြီးတဲ့ ဒီအထိအခိုက် မခံနိုင်အောင် ကျွန်တော်တို့ရဲ့ ဒီအရေးကြီးတဲ့ ၊ ပထဝီနိုင်ငံရေးအရ

အရေးကြီးတဲ့နေရာကို ကျွန်တော်တို့ ငှားရမ်းပြီးကာမှ အသုံးချမှာမို့လို့ ဒီနေ့ ကျွန်တော်တို့ရဲ့ ဒီအစိုးရလက်ထက်မှာ ဒီလုပ်ငန်းတွေနဲ့ ပတ်သက်လို့ ပြည်သူကို ချပြဖို့၊ အသိပေးဖို့ဟာ အင်မတန် အရေးကြီး လိုအပ်ပါတယ်။

အဲဒါကြောင့် ဒီ မြန်မာတရုတ် သဘာဝဓာတ်ငွေ့ ရေနံပိုက်လိုင်း ဖြတ်သန်းသွားတဲ့ ရခိုင်တို့၊ မကွေးတို့၊ မန္တလေးတို့၊ ရှမ်းတို့ တစ်လျှောက်မှာရှိတဲ့ ပြည်သူလူထုတွေ၊ ဒီပိုက်လိုင်း ဖြတ်သန်းခြင်းကိုခံရတဲ့ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ စိုက်ပျိုးမြေနဲ့ ဒါ နစ်နာဆုံးရှုံးနေ ခဲ့ကြရတဲ့ ကျွန်တော်တို့ရဲ့ ဒီပြည်သူလူထုတွေနဲ့ ပတ်သက်တဲ့ လျော်ကြေး အမျိုးအစား ဘယ်လိုခွဲခြားထားသလဲ၊ တချို့မြို့နယ်၊ တချို့ဧရိယာမှာ ဒီစီမံကိန်းနဲ့ ပတ်သက်လို့ ကြိုတင်သိတဲ့ ပုဂ္ဂိုလ်တွေဟာ မြေတွေကို ကြိုတင်ဝယ်ပြီးကာမှ ယာယီသစ်ပင်စိုက်တာတို့၊ အရေးပေါ် အခွန်ပြေစာ ပြုလုပ်တာတို့ ဆိုတဲ့အခါမှာ၊ အဲဒါမျိုးလုပ်တဲ့အခါမှာ ပိုင်ရှင် အစစ်အမှန်က လျော်ကြေးမရဘဲနဲ့ ခုနက မသက်ဆိုင်သူများမှ လုပ်ပိုင်ခွင့်ရှိသူများရဲ့ အကူအညီနဲ့ ဒါ တစ်ဖက်သတ် လျော်ကြေးတွေ ရရှိသွားကြတယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ တိုင်တန်းစာတွေကလည်း ကျွန်တော်တို့ ဆီကို ရောက်ရှိနေပါတယ်။

အဲဒါကြောင့် အများပြည်သူ၊ ခုနက ပိုက်လိုင်း ဖြတ်သန်းရာမှာရှိတဲ့ ရခိုင်၊ မကွေး၊ မန္တလေး၊ ရှမ်းပြည်နယ် တစ်ကြောမှာရှိတဲ့ မြန်မာပြည်သူလူထု တစ်ရပ်လုံးအတွက် ကျွန်တော် ဒီမေးခွန်း လက်ကျန် (၃) ခုကို မေးမြန်းမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် (က) မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်း ဖြတ်သန်းခကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ(၇)သန်းခန့်စီ စုစုပေါင်း(၁၄)သန်း ခန့်သာ ရရှိမည်ဆိုပြီး သတင်း ဖြစ်ပေါ်နေပါတယ်။ အဲဒီသတင်းဟာ ဟုတ်မှန်ခြင်း ရှိ/မရှိ ကို သိရှိလိုပါတယ်။ အဲဒီနှုန်းထားဟာ ပုတ်ပြတ် သို့မဟုတ် တစ်မိုင်လျှင် မည်မျှနှုန်း စသည့် တွက်ချက်မှုအခြေခံဖြင့် တွက်ချက်ထားခြင်း ဟုတ်/မဟုတ်၊ နိုင်ငံတကာ (ဥရောပ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ)ရဲ့ ဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်း တစ်နှစ်ဖြတ်သန်းခနှုန်းထား များနှင့် နှိုင်းယှဉ်လျက် ကွာခြားမှု မည်ကဲ့သို့ ရှိသည်။ နိုင်ငံတကာ စံနှုန်းအတိုင်း ရရှိအောင် မည်သို့ ဆောင်ရွက်ရန် အစီအစဉ် ရှိသည်တို့ကို ဖြေကြားပေးဖို့အတွက် ကျွန်တော် မေးခွန်း(၁)ကို မေးထားပါတယ်။

မေးခွန်း(၂)အနေနဲ့တော့ စီမံကိန်းအရ ပိုက်လိုင်း(၂)သွယ် ဖောက်လုပ်ခြင်း၊ ဖြတ်သန်းခြင်းခံရတဲ့ သို့မဟုတ် ခံရမယ့် ပြည်နယ်နှင့်တိုင်းများအလိုက် အမြဲတမ်းထိခိုက်သည့် ဧကနှင့် ကာလ အပိုင်းအခြားအလိုက် ထိခိုက်တဲ့ ဧက တို့ကို လယ်ယာမြေ၊ ဥယျာဉ်ခြံမြေနှင့် စိုက်ပျိုးမြေစသည်ဖြင့် ခွဲခြားပြီးကာမှ ဧကမည်မျှရှိသည်။ ထိခိုက်သည့် မိသားစု မည်မျှရှိသည်။ လူနေအိမ် ပြောင်းရွှေ့ရမှု မည်မျှရှိသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက် မည်မျှရှိသည်နှင့် နှစ်တို၊ နှစ်ရှည် သီးနှံပင်မည်မျှ၊ တန်ဖိုး မည်မျှ၊ ထိခိုက်ခဲ့သည်တို့ကို တိတိကျကျ စာရင်းပြုစု မှတ်တမ်းထားရှိခြင်း ရှိ/မရှိ ကို သိရှိလိုပါတယ်။ အဲဒီကိစ္စတွေကို အများပြည်သူ သိရှိအောင် ဖြေကြား ရှင်းလင်းနိုင်ခြင်း ရှိ/မရှိကိုလည်း သိရှိလိုပါတယ်။

နံပါတ်(၃) မေးခွန်းအနေနဲ့တော့ဖြင့် ဒါပိုက်လိုင်း ဖြတ်သန်းပြီးကာမှ ဆုံးရှုံးကြရတဲ့ နိုင်ငံသားများအတွက် လျော်ကြေး ဘယ်နှစ်မျိုး ခွဲခြားထား၍၊ ပေးပြီး၊ ပေးနေတယ်၊ ဘာကြောင့် ခွဲခြားရတယ်၊ လျော်ကြေးအားဖြင့် တစ်ဧကနှုန်း မည်မျှ သတ်မှတ်ထားတယ်။ ပြည်နယ်နှင့် တိုင်းအလိုက် စုစုပေါင်း မည်မျှလျော်ကြေးပေးခဲ့ပြီး ဖြစ်တယ်။ မည်မျှ ပေးရန် ကျန်ရှိတယ် စသည်တို့ကို ရတနာသဘာဝ ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းခ လျော်ကြေးနှုန်းထားနဲ့ နှိုင်းယှဉ်ပြီးကာမှ ဖြေကြားပေးနိုင်ပါမလားလို့ ကျွန်တော် မေးထားပါတယ်။

လျော်ကြေးနှုန်းထား မကွာခြားရအောင် ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့၊ ပုဂ္ဂလိကပိုင် သို့မဟုတ် နိုင်ငံပိုင်မြေများအပေါ် ဖြတ်သန်းခအတွက် လျော်ကြေးအား မည်ကဲ့သို့ကောက်ခံခဲ့ပြီး၊ မည်သို့ နိုင်ငံ့ဘဏ္ဍာအဖြစ် ပေးသွင်းခဲ့သည်တို့ကို ဖြေကြားပေးရန် ကျွန်တော် မေးခွန်းနံပါတ်(၃)အနေနဲ့ ကျွန်တော် တင်ပြထားပါတယ်။

အဲဒါကြောင့် ကျွန်တော့်မေးခွန်း(၃)ခုဟာ ရှည်လျားပေမယ်လို့လည်း ဒါမြန်မာပြည်သူလူထု တစ်ရပ်လုံးရဲ့ ကျောပေါ်ကို ဖြတ်သန်းသွားတဲ့ ဒီပိုက်လိုင်း တစ်လျှောက်လုံးဟာ နှစ်ပေါင်း(၃၀) သို့မဟုတ် ဒီတင်မက ဒါ ကျွန်တော်တို့ရဲ့ နောင်လာနောင်သားတွေ ပြန်လည် မေးမြန်းနေကြမယ့် မေးခွန်း ဖြစ်တာမို့လို့ ဒီမေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြား ပေးပါရန် စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးအား မေတ္တာရပ်ခံ တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးသန်းဌေး (ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် မေးတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားပါမယ်။ မေးခွန်း(၃)ချက် ဖြစ်ပါတယ်။

ပထမ(၁)ချက်က ဒီပိုက်လိုင်းနဲ့ပတ်သက်လို့ (Right of Way)ဆိုတဲ့ မြေယာအသုံးပြုခ၊ မူလတုန်းက သန်း(၁၅၀)ကြားတယ်။ နောက်ပိုင်းမှာတော့ ပိုက်လိုင်း (၂)ခုပေါင်းမှ (၇၃)သန်းနီးပါး ဖြစ်တယ်။ ဒါ မှန်/မမှန်၊ အဲဒါ ပထမမေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားရရင် မှန်ပါတယ်။ ပထမသန်း(၁၅၀)ဆိုတဲ့ သတင်းကတော့ ဘယ်ကထွက်သလဲ ကျွန်တော်တို့လည်း မသိပါဘူး။ အဲဒီတော့ ဒီနေရာမှာ ဒီပိုက်လိုင်း (Right of Way)ကို ဘယ်လိုတွက်သလဲဆိုတာလေး၊ ဒါလေးကို ဦးစွာ ရှင်းပြဖို့ လိုပါလိမ့်မယ်။

ကျွန်တော်တို့ တရုတ်-မြန်မာပိုက်လိုင်း၊ ရေနံစိမ်းပိုက်လိုင်းနှင့် ဓာတ်ငွေ့ပိုက်လိုင်း (၂)လိုင်း ဖြစ်ပါတယ်။ (၂)လိုင်းပဲဆွဲဆွဲ၊ (၃)လိုင်းပဲ ဆွဲဆွဲ၊ တွက်နည်းကတော့ တကယ်အသုံးပြုတဲ့မြေ ဘယ်လောက်ပေါ်မှာ သုံးသလဲဆိုတဲ့ တစ်ဧက သို့မဟုတ်လည်းပဲ Square Kilometer၊ အဲဒီအပေါ်မှာ အခြေခံပြီးတော့ တွက်ရပါတယ်။ ဒီလိုတွက်တဲ့နေရာမှာလည်းပဲ စောစောက ဆရာဒေါက်တာအေးမောင် ပြောသွားတဲ့ ကျွန်တော်တို့ ရတနာဓာတ်ငွေ့ စီမံကိန်းတို့က ပိုက်လိုင်းမှာ တွက်တဲ့ တွက်နည်းပေါ်မှာလည်း အခြေခံပါတယ်။ ပြီးမှ ကမ္ဘာမှာရော ဘယ်လိုလုပ်နေကြသလဲ၊ ဒါတွေလည်း လေ့လာပြီးမှ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

အထူးသဖြင့် ကမ္ဘာမှာ စည်းကမ်းတွေ၊ စနစ်ပိုင်းတွေမှာ ထိပ်ပိုင်းရှိတယ်လို့ သတ်မှတ်ထားတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ (Prize of Way) တွက်ချက်နည်း၊ ဒီဟာ

အပေါ်မှာ အများဆုံး အခြေခံပါတယ်။ အဲဒီတော့ တင်ပြရလို့ရှိရင် ပိုက်လိုင်းလမ်းကြောင်းဟာ အကျယ်(၃၀)မီတာ၊ အရှည်အားဖြင့်(၈၇၀)ကီလိုမီတာ၊ မြေဧရိယာ(၂၆.၁) စတုရန်းကီလိုမီတာ၊ ဧကအားဖြင့်(၆၄၄၉.၃)ဧက ရှိမယ်လို့ မူလ (F.S)အရ၊ အဲဒီမြေအကျယ်အဝန်းပေါ်မှာ အခြေခံပြီးတော့ တွက်လိုက်ပါတယ်။ ဒါဟာ စပြီးတော့ လုပ်ထားတဲ့ (F.S)ပေါ့။ Feasibility Study ၊ အဲဒီအပေါ်မှာ ကျွန်တော်တို့ မှန်းပြီးတော့ တွက်လိုက်တာ ဖြစ်ပါတယ်။

ဒီတော့ ဒီလိုတွက်တဲ့နေရာမှာ စောစောကပြောထားတဲ့ အမေရိကန်နိုင်ငံက (Bureau of Land Management)၊ အဲဒါ ၂၀၀၈ ခုနှစ်မှာ ထုတ်ခဲ့တဲ့ စာစောင်ပါ။ ဒီဟာကို ကြည့်လိုက်တဲ့အခါမှာ အောက်တိုဘာ (၃၁)ရက်၊ ရက်စွဲနဲ့ ထုတ်ပြန်ထားတဲ့ Final Regulations Linear Right of Way Rental Fee Schedule အဲဒါ ရှိပါတယ်။ ကျွန်တော့်ဆီမှာ စာအုပ်နဲ့လည်း ရှိပါတယ်။ ဒီအထဲမှာလည်း တွဲထားပါတယ်။ အဲဒီမှာ ဖော်ပြထားတဲ့ အမေရိကန်နိုင်ငံမှာ မြေအမျိုးအစားကို ဇုန်(၁၂)ဇုန် ခွဲပါတယ်။ အကောင်း၊ အသင့်၊ အညံ့အလိုက်၊ အဲဒီတော့ ဒီဟာကို မှီပြီးတော့ ကျွန်တော်တို့ ကြည့်တဲ့အခါမှာ သူတို့ ဘယ်လိုခွဲထားသလဲ ဆိုလို့ရှိရင် သူက ၂၀၀၈ ခုနှစ်မှာ ဒီဟာ ကို ထုတ်ပြန်လိုက်တယ်။ ၂၀၀၉ ခုနှစ်အတွက် Focus လုပ်ပြီးတော့ သတ်မှတ်လိုက်တဲ့ နှုန်းထားတွေ ဖြစ်ပါတယ်။

အဲဒီမှာ ဇုန်(၁)မှာ သူတို့က ဧကနဲ့ တွက်ပါတယ်။ ၂၀၀၉ ခုနှစ်အတွက် တစ်ဧက မြေငှားရမ်းခနှုန်းထား၊ အဲဒါ ပိုက်လိုင်းဖြတ်သန်းခအတွက် သီးသန့် ဖြစ်ပါတယ်။ ဇုန်(၁) အညံ့ဆုံးအမျိုးအစား ဖြစ်ပါတယ်။ တစ်နှစ်လုံးမှ (၅.၇၈)ဒေါ်လာ ဖြစ်ပါတယ်။ ဇုန်(၂) (၁၁.၅၅)ဒေါ်လာပါ ခင်ဗျ။ ဇုန်(၃) က (၂၃.၁၀)ဒေါ်လာ၊ ဇုန်(၄) (၃၄.၆၆)၊ ဇုန်(၅) (၄၆.၂၁)၊ ဇုန်(၆)(၆၉.၃၁)၊ ဇုန်(၇) (၁၁၅.၅၂)၊ ဇုန်(၈) (၂၃၁.၀၂)၊ ဇုန်(၉) (၄၆၂.၀၅)၊ ဇုန်(၁၀) (၆၉၃.၀၈)၊ ဇုန် (၁၁) (၁၁၅၅.၁၃) ဇုန်(၁၂) အကောင်းဆုံး အမျိုးအစားဟာ (၂၃၁၀.၂၆) US Dollar par Year တစ်နှစ်စာ ဖြစ်ပါတယ်။

အဲဒီတော့ သူတို့ရဲ့ အကောင်းဆုံး Right of Way နှုန်းထားဟာ တစ်ဧကကို (၂၁၄၁.၂၄) အမေရိကန်ဒေါ်လာ ဖြစ်ပါတယ်။ အဲဒီတော့ သူတို့ထုတ်ပြန်ထားတဲ့ နှုန်းထားနဲ့ နှိုင်းယှဉ်လို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နှုန်းထားဟာ ခုန(၆၄၄၉.၃)ဧက အတွက် ကျွန်တော်တို့ တွက်လိုက်တဲ့အခါမှာ တစ်ဧကကို (၂၁၄၁)ဖြစ်ပါတယ်။ ခုန

အမေရိကန်က အကောင်းဆုံးနှုန်းထားက (၂၃၁၀.၂၆) ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ Right of Way မြေငှားရမ်းခ နှုန်းထားဟာ အမေရိကန်နိုင်ငံရဲ့ အကောင်းဆုံး နှုန်းထား နီးပါး ကျွန်တော်တို့ ရယူတွက် ချက်ထားတယ်လို့ တင်ပြလိုပါတယ်။ ဒါကြောင့် အဲဒီ တွက်ချက်မှု နှုန်းထားနဲ့ ဒါ ကျွန်တော်တို့ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့မှာ စာချုပ်စာတမ်း ချုပ်ဆိုထားပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ Right of Way နှုန်းထားနဲ့ ပတ်သက်လို့ ကျွန်တော်တို့ နစ်နာမှု မရှိဘူးလို့ပဲ ကျွန်တော့်အနေနဲ့တော့ ယူဆပါကြောင်း တင်ပြလိုပါတယ်။ စာချုပ်ရဲ့ နာမည် ကတော့ Agreement the Starvation Right and Ovication Between ခုန S.E.O.B.G.B ပိုက်လိုင်း ကုမ္ပဏီ တစ်ခုဖြစ်ပါတယ်။ အဲဒါနဲ့ မြန်မာရေနံလုပ်ငန်းကြားထဲ မှာ ချုပ်ဆိုထားတဲ့ စာချုပ်တွေ ဖြစ်ပါတယ်။ ဒါက Right of Way ဆိုတဲ့ မြေအသုံးချမှုနဲ့ ပတ်သက်လို့ပါ။ နောက်တစ်ခါ ဒီဟာ အပြည်ပြည်ဆိုင်ရာနိုင်ငံ ဖြတ်ကျော် ပိုက်လိုင်း များရဲ့ ဖြတ်သန်းခ အဲဒါကျ Right of Way မဟုတ်ပါဘူး။ Transit Fee လို့ ခေါ်ပါတယ်။ Right of Way အနေနဲ့ စောစောက ပိုက်လိုင်း တွေ ကျွန်တော်တို့ မြေကို သုံးတဲ့အတွက် ဒီ မြေအသုံးပြုခ ယူပြီးသား ဖြစ်ပါတယ်။ ပြီးတော့မှ အဲဒီပိုက်လိုင်းထဲက ဖြတ်သန်းစီးဆင်း သွားမယ့် ရေနံအတွက် ကျွန်တော်တို့ ပိုက်ဆံကောက်ပါတယ်။ ဒါကိုလည်းပဲ နိုင်ငံတကာမှာ ရှိတဲ့ ပိုက်လိုင်းဖြတ်သန်းခ နှုန်းထားတွေကို သက်ဆိုင်ရာ နိုင်ငံတွေမှာရှိတဲ့ မြန်မာသံရုံး တွေက အချက်အလက်တွေ စုဆောင်းရယူခဲ့ပါတယ်။ သံရုံးတွေက ပေးပို့လာတဲ့ အချက်အလက်တွေအရ ကက်ဇက်စတန်ကနေ ရုရှားကို ဖြတ်သန်းဆက်သွယ်တဲ့ ပိုက်လိုင်း အတွက် ရုရှားကကောက်ယူနှုန်း၊ ရုရှား-ဘယ်လာရုစ် ပိုက်လိုင်းအတွက် ဘယ်လာရုစ်က ကောက်ယူ နှုန်း၊ ဘယ်လာရုစ်-ပိုလန်-ဂျာမနီ ပိုက်လိုင်းအတွက် ပိုလန် က ကောက်ယူနှုန်း၊ အဲဒါတွေ အကုန်လုံးကို ကျွန်တော်တို့ ကြည့်ပြီးတော့ ကျွန်တော်တို့အတွက် မနစ်နာစေမယ့် နှုန်းထား ကို ကျွန်တော်တို့ တွက်ချက်ခဲ့ခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ဖြတ်သန်းသွားမယ့် မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းနဲ့ ရေနံစိမ်း ဖြတ်သန်း သယ်ယူခြင်းအတွက် Transit Fee ကို တွက်ချက်တဲ့နေရာမှာ ရေနံစိမ်းတစ်တန်ကို အမေရိကန်(၁)ဒေါ်လာ၊ ကျွန်တော်တို့ ရယူမှာ ဖြစ်ပါတယ်။ ဒါဟာ သင့်တော်တဲ့နှုန်းထား ဖြစ်ပါတယ်။ အဲဒီရေနံစိမ်း ပိုက်လိုင်း ကနေပြီးတော့ တစ်နှစ်ကို

ရေနံစိမ်း တန်ချိန် (၂၂)သန်းပို့လွှတ်မှာ ဖြစ်တဲ့အတွက် Transit Fee အနေနဲ့ တစ်နှစ်ကို ဒေါ်လာ(၂၂) သန်း၊ နှစ် (၃၀)အတွက် အမေရိကန်ဒေါ်လာ သန်း(၆၀၀) ရပါ့မယ်။ မြန်မာ-တရုတ်ရေနံစိမ်းနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဟာ မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေး၊ ပြည်သူအချင်းချင်း ချစ်ကြည်ရေး၊ ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိရေး၊ ဒေသတွင်း စွမ်းအင်လုံ ခြုံမှုရရှိရေးတို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒီ စီမံကိန်းပြီးရင် ရခိုင်ပြည်နယ်နဲ့ မြန်မာနိုင်ငံအလယ်ပိုင်းမှာ အသုံးပြုဖို့အတွက် တစ်ရက်ကို သဘာဝဓာတ်ငွေ့ ကုဗပေ သန်း(၁၀၀) ဒါဟာ တစ်နေ့ကို ကုဗပေ သန်း(၅၀၀) ထုတ်ရန် ကျွန်တော်တို့က (၁၀၀)ဖြစ်ပါတယ်။ ကုဗပေ သန်း(၁၀၀၀)ပို့ရင် ကျွန်တော်တို့က သန်း(၂၀၀)ယူမှာ ဖြစ်ပါတယ်။ ပြီးမှ ရေနံစိမ်း ပိုက်လိုင်းကတော့ ကျွန်တော်တို့ ပြည်တွင်း အသုံးပြုဖို့အတွက် တစ်နှစ်ကို ရေနံစိမ်းတန်ချိန် (၂)သန်း ရပါတယ်။ အဲဒီ တန်ချိန် (၂)သန်းဟာ လွယ်လွယ်နဲ့ တွက်လို့ရှိရင်၊ စည် နဲ့ တွက်လို့ရှိရင် တစ်နေ့ကို စည်ပေါင်း (၅၅၀၀၀)လောက် ရှိပါတယ်။ အဲဒါကို မြန်မာနိုင်ငံအလယ်ပိုင်းမှာ ဒီပိုက် လိုင်းကြီးကို အမှီပြုပြီးတော့မှ ကျွန်တော်တို့က သုံးစွဲခွင့်ရမှာ ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးက သုံးနေတဲ့ Equivalent Oil Equivalent ပေါ့၊ အဲဒီဟာသည် တစ်နေ့ကို စည်သန်းပေါင်း (၅၀၀၀၀)၊ (၆၀၀၀၀) လောက်ပဲ ရှိတယ်။ ဒါတွေဟာ မိမိတို့ မထုတ်နိုင်တဲ့အတွက် နိုင်ငံခြားကနေ Import လုပ်ပြီး သုံးနေရတာတွေ ရှိပါတယ်။ ဒီပိုက်လိုင်းကြီး ပြီးလို့ရှိရင် အဲဒီ ကနေ အဲဒီရေနံစိမ်း ထုတ်သုံးနိုင်တဲ့ အခွင့်အရေး ရပါလိမ့်မယ်။ မိမိရဲ့ ကိုယ်ပိုင်စီးပွားရေးနဲ့ ဒီလို ပိုက်လိုင်းကြီး ဆောက်ဖို့ အများကြီး အခက်အခဲ ရှိပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ဒီအခွင့်အရေးဟာလည်းပဲ၊ နောက်တစ်ချက်က ဒီဟာကို ထုတ်သုံးနိုင်တဲ့ နေရာဟာ မြန်မာပြည် အလယ်ပိုင်းမှာ ဖြစ်ပါတယ်။ အဲဒီအတွက် တကယ်ဆိုရင် ကျွန်တော်တို့ဟာ ပြည်ပကနေပြီးတော့ Full Oil ကို တင်လာပြီးမှ အထက်မြန်မာပြည်အတွက်၊ မြန်မာနိုင်ငံ အလယ်ပိုင်း အတွက် ရေနံစိမ်းကို ချက်ဖို့ ပို့မယ်ဆိုရင် နောက်ထပ် မြစ်ကြောင်းကနေ ပို့ရအုန်းမယ့် ပြဿနာတွေ ရှိပါတယ်။ ဒီဟာလေးတွေကိုလည်းပဲ မြန်မာနိုင်ငံ အလယ်ပိုင်း မှာတင် နေရာ(၃)နေရာလောက် ခွဲပြီးတော့ ကျွန်တော်တို့ ထုတ်သုံးနိုင်အောင် ဒါတွေလည်း စီမံထားရှိပြီး ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့ စွမ်းအင် လိုအပ်ချက် အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံအတွက် အများကြီး အကျိုးကျေးဇူးရှိမယ့် စီမံကိန်းဖြစ်တယ်လို့ တင်ပြလိုပါတယ်။

နောက်တစ်ခါ မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့နဲ့ ရေနံပိုက်လိုင်း (၂)ခု ဖောက်လုပ် ဖြတ်သန်းခြင်း ခံရမယ့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် အမြဲတမ်းနဲ့ ကာလအပိုင်း အခြားအလိုက် ထိခိုက်နိုင်တဲ့ဧက ဘယ်လောက်ရှိသလဲ၊ ပတ်ဝန်းကျင် ထိခိုက်မှု ဘယ်လောက် ရှိသလဲ၊ ဒါလေးတွေကို ဖြေကြားပေးဖို့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ စောစောက ကျွန်တော် တင်ပြသလိုပါပဲ စုစုပေါင်းဧကအားဖြင့် ကျွန်တော်တို့ဧက(၆ဝဝဝ)ကျော်လောက်လို့ (F.F)အရ မှန်းပြီးတော့ တွက်ထားသော်ငြားလည်းပဲ တကယ် ကျွန်တော်တို့ အခုပိုက်ခင်း ချလိုက်တဲ့အခါကျတော့ အမှန်ကုန်ကျ သုံးလိုက်တဲ့မြေဟာ ဧက(၅၆၃၈.၅၉၆)ဧကပဲ ရှိပါတယ်။ အဲဒီအတွက်လည်းပဲ စောစောက ပိုက်လိုင်းအတွက် Right of Way ကို ပြန်ပြီးတော့ ကျွန်တော်တို့က (F.F)နဲ့ တွက်ပြီးတော့ ဒီလိုတောင်းလိုက်တယ်။ အဲဒီအတိုင်းရဖို့လည်း စာချုပ်မှာ ချုပ်ထားပြီးပြီ၊ တကယ်သုံးတဲ့ဧကဟာ မူလကမှန်းသလို (၆ဝဝဝ)ကျော် မဟုတ်တော့ ဘဲနဲ့ (၅၆၃၈.၅၉၆)ဧကပဲ ဖြစ်တယ်။ ဒါနဲ့ ပြန်တွက်ကြည့်လိုက်တဲ့အခါမှာ တစ်ဧကရဲ့ Right of Way နှုန်းထားဟာ (၂၄၄၉.၁၉) US ဒေါ်လာ ဖြစ်တဲ့အတွက် စောစောက နှိုင်းယှဉ်ပြလိုက်တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ အကောင်းဆုံး ဇုန်(၁၂) နှုန်းထားထက် ကျွန်တော်တို့က ပိုကောင်းပါတယ်။ ဒါလေးလည်း ပြန်ပြီးတော့ တွက်ချက်တင်ပြလိုပါတယ်။

အဲဒီတော့ စောစောက မေးသွားတဲ့ တိုင်းနဲ့ပြည်နယ်အလိုက်မှာ ဘယ်မှာဧက ဘယ်လောက် သုံးမလဲဆိုတော့ ရခိုင်ပြည်နယ်အတွင်းမှာ (၈၇၉.၇၅)ဧက ဖြစ်ပါတယ်။ မကွေးတိုင်းဒေသအတွင်းမှာ (၁၁၂၁.၄၇)ဧက ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှ (၁၇ဝ၇.၉၃)ဧက၊ ရှမ်းပြည်နယ်အတွင်းမှာ (၁၉၂၉.၄၄)ဧက၊ စုစုပေါင်း (၅၆၃၈.၅၉၆) ဧက ဌားရမ်းအသုံးပြုမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ ပိုက်လိုင်း ဆက်သွယ်လိုက်တဲ့အတွက် ဘယ်သူတွေ ဘယ်လိုနစ်နာကြသလဲ ဆိုရင်တော့ ဧရိယာနဲ့

မလွတ်ကင်းတဲ့ ရခိုင်ပြည်နယ် အတွင်းမှာ တဲ(၇၉)လုံးနှင့် အိမ်(၁၀)လုံး ဒါကျွန်တော်တို့ ဖယ်ရှားရပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်းမှာ အိမ်(၄)လုံး၊ မန္တလေးတိုင်းဒေသကြီးအတွင်း မှာ အိမ်(၁)လုံး၊ ရှမ်းပြည်နယ်အတွင်းမှာ တဲ(၆)လုံး၊ စုစုပေါင်း ဒီ ကီလိုမီတာ (၈၀၀) ကျော်မှာ ကျွန်တော်တို့ မလွတ်လို့ ဖျက်သိမ်းရတဲ့ တဲ စုစုပေါင်း (၈၅)လုံးနဲ့ အိမ်(၁၅)လုံး ဒါပဲ ရှိပါတယ်။ ဒီ အတွက်လည်းပဲ ထိုက်သင့်တဲ့ လျော်ကြေးတွေ အားလုံး ပေးလျော်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ မြေယာနဲ့ သီးနှံတွေအတွက် လျော်ကြေး ပေးအပ်မှုဟာ ဒီနေ့ မဟုတ်ဘူးပေါ့။ ၇-၁၁-၂၀၁၂ ရက်နေ့အထိ ရခိုင်ပြည်နယ်မှာ ၃.၉၆၈ ဘီလီယံ၊ အတိအကျ ပြောရလို့ရှိရင် (၃, ၉၆၈) သန်းထောင်ပေါင်း၊ နောက်တစ်ခါ(၈၄၃၇၈၄.၉၉)ကျပ်၊ မကွေးတိုင်း ဒေသကြီးမှာ (၅၂၂၄)သန်း (၉)သိန်း(၈)သောင်း (၇၂၂)ကျပ် (၆၂)ပြား၊ မန္တလေးတိုင်း ဒေသကြီးမှာ သန်းထောင်ပေါင်း (၈၄၅၆)၊ နောက်တစ်ခါ (၆၂၃၂၈) ကျပ်၊ (၁၀)ပြား၊ ရှမ်းပြည်နယ်မှာ သန်းပေါင်း(၁) သောင်း၊ (၁၂)၊(၇)သိန်း၊(၁၂၈၃)ကျပ်၊ (၉၄)ပြား၊ စုစုပေါင်း (27) ထရီလီယံ၊ (27.662) ထရီလီယံ၊ အဲဒီလောက် လျော်ကြေးပေး ပြီးပါပြီ၊ နောက်တစ်ခါ အများပြည်သူဆုံးရှုံးခဲ့ရတဲ့ မြေယာနဲ့ သီးနှံတွေအတွက် စွမ်းအင်ဝန်ကြီး ဌာနနဲ့ သက်ဆိုင်ရာဒေသ အထွေထွေအုပ်ချုပ်ရေးမှူးတွေ၊ ဌာနဆိုင်ရာတွေ၊ ဒေသခံ ကိုယ်စားလှယ်တွေနဲ့ လျော်ကြေးပေးရေးအဖွဲ့တွေကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီအပြင် မြေယာနဲ့ သီးနှံလျော်ကြေးပေးရေးအဖွဲ့တွေ၊ သက်ဆိုင်ရာ မြို့ရွာတွေက တာဝန်ရှိသူတွေဟာ ကာယကံရှင် တောင်သူတွေနဲ့ ညှိနှိုင်းအစည်းအဝေး တွေ ပြုလုပ်ပြီး ဒေသအလိုက် မြေတန် ဖိုး၊ သီးနှံအထွက်နှုန်းနှင့် ဒေသပေါက်ဈေးတွေကို စနစ်တကျ တွက်ချက်သတ်မှတ်ပေး ပါတယ်။ စောစောက ဒေါက်တာအေးမောင် ဆွေးနွေး သွားသလိုပဲ ပြဿနာတွေတော့ အထိုက်အလျောက် ရှိပါတယ်။ လူတွေဟာ လောဘသားတွေ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဘယ်လောက်ပဲ အဖွဲ့တွေနဲ့ ဘက်ပေါင်းစုံက ရေပက် မဝင်အောင် စီမံစေကာမူ လူတွေလောဘတက်လာရင် အမှုအခင်း ဆိုတာ ရှိပါတယ်။ အဲဒီဖြစ်တဲ့ အမှုအခင်းတွေကိုလည်းပဲ အတတ်နိုင်ဆုံး ကျွန်တော်တို့ ဘက်လိုက်မှု

ကင်းကင်းနဲ့ ရသင့်ရထိုက်တဲ့ ပုဂ္ဂိုလ်များရအောင် ဒေသဆိုင်ရာအာဏာပိုင်တွေနဲ့ ဖွဲ့စည်းစစ်ဆေးပြီးတော့ ဆုံးဖြတ်ဆောင်ရွက် ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။

သက်ဆိုင်ရာ မြို့ရွာတွေက တာဝန်ရှိသူတွေဟာ ကာယကံရှင် တောင်သူတွေနဲ့ ညှိနှိုင်း အစည်းအဝေး ပြုလုပ်ပြီးတော့ ဒေသအလိုက် မြေတန်ဘိုး၊ သီးနှံ အထွက်နှုန်းနဲ့ ဒေသပေါက်ဈေးတွေကို စနစ်တကျ တွက်ချက် သတ်မှတ်ပါတယ်။ တွက်ချက်ရရှိတဲ့ ဒေသအလိုက် မြေတန်ဘိုး၊ သီးနှံ ထွက်နှုန်းနဲ့ ဒေသပေါက်ဈေးတွေကို အဆင့်ဆင့်တင်ပြ ခွင့်ပြုချက် ရယူပြီးမှ အများပြည်သူတို့ ရှေ့မှောက်မှာ အခမ်းအနားနဲ့ ပေးပါတယ်။ ရရှိကြောင်းလည်း လက်မှတ်ထိုးထားပါတယ်။ ဓာတ်ပုံတွေလည်း မှတ်တမ်းတင်ထားပါတယ်။ အမြဲတမ်းလွှဲယူမယ့် မြေတွေအတွက် မြေတန်ဖိုးကို အဲဒီမှာ ရာသီသီးနှံရှိရင်၊ ရာသီသီးနှံစိုက်လို့ရှိရင် (၂)သီး၊ နောက်တစ်ခါ နှစ်ရှည်ပင်တွေ ပါလို့ရှိရင်(၅)နှစ်စာ တွက်ချက်ပြီးတော့ ပေးလျော်ပါတယ်လို့ ဖြေကြားလိုပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ဆက်သွယ်ထားတဲ့ ဒုံသမိ ချောင်းကူးတံတားကို (၅၅)တန် အထက် ခံနိုင်ဝန်ရှိအောင် ပြုပြင်ပေးရန် သို့မဟုတ် အာဆီယံနိုင်ငံများမှ ကုန်တင်ယာဥ်များ ဖြတ်သန်းသွားလာနိုင်မယ့် တံတားအသစ်တစ်စင်း ဆောက်လုပ်ပေးရန် အစီအစဥ် ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်က ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ဆက်သွယ်ထားတဲ့ ဒုံသမိ ချောင်းကူးတံတားကို (၅၅)တန် အထက် ခံနိုင်ဝန်ရှိအောင် ပြုပြင်ပေးရန် သို့မဟုတ် အာဆီယံနိုင်ငံများမှ ကုန်တင်ယာဥ်များ

ဖြတ်သန်းသွားလာနိုင်မယ့် တံတားအသစ်တစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အစည်းအဝေးကို တက်ရောက်လာတဲ့ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွန့် ဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်နယ်ဟာ အိမ်နီးချင်း နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့ နယ်နိမိတ်ချင်း ဆက်၍ ကုန်သွယ်ရေးထွက်ပေါက်ဖြစ်တဲ့ မြဝတီ၊ မဲဆောက် ချစ်ကြည်ရေး တံတားမှ တစ်ဆင့် သွင်းကုန် ထွက်ကုန်များအား ကုန်သွယ်မှုပြုလုပ်လျက်ရှိပါတယ်။ မြဝတီမှ မြန်မာနိုင်ငံတော်၏ စီးပွားရေး မြို့တော်ဖြစ်သည့် ရန်ကုန်မြို့သည် (၂၇၉)မိုင်သာ ကွာဝေးသည့် အတွက် ကုန်သွယ်မှု အတိုဆုံး လမ်း ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများသည် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့မှ တစ်ဆင့် မြဝတီ၊ ကော့ကရိတ်၊ ဘားအံ၊ သထုံ၊ ပဲခူး၊ ရန်ကုန် လမ်းကြောင်းအတိုင်း ကုန်တင်ယာဉ်များ ဝင်ရောက် ကုန်သွယ်တော့မည် ဖြစ်ပါတယ်။

ထိုသို့ ကုန်သွယ်မှု ပြုရာတွင် အာဆီယံ စံဖြစ်တဲ့ ဝင်ရိုးနှစ်ချောင်းတပ် (၆)ဘီးယာဉ်များသည် (၁၆)တန်၊ ဝင်ရိုးသုံးချောင်းတပ်(၁၀)ဘီးယာဉ်များသည် (၂၁)တန်၊ ဝင်ရိုး လေးချောင်းတပ် (၁၂)ဘီးယာဉ်များသည် (၂၅)တန်၊ ဝင်ရိုးလေး ချောင်းတပ် (၁၄)ဘီး ယာဉ်များသည် (၃၄)တန်၊ ဝင်ရိုးငါးချောင်းတပ်(၁၈)ဘီးယာဉ်များသည် (၄၆)တန်၊ ဝင်ရိုး ခြောက်ချောင်းတပ်(၂၂)ဘီးယာဉ်များသည်(၅၅)တန် တင်ဆောင်ခွင့်ရှိ ကြောင်းနှင့် ထိုစံအတိုင်း အလေ့အကျင့်ရစေရန် ရန်ကုန်-ပဲခူး လမ်းမကြီးနှင့် အမှတ်(၂) လမ်းမကြီး နှစ်စင်းဆုံရာ မိုင်တိုင်(၃၃)နေရာတစ်ဝိုက်၌ တန်(၁၀၀) အထိ ခံနိုင်ဝန်ရှိတဲ့ စံကတ္တား တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ ဇွန်လ၊ (၁)ရက်နေ့ မှ စတင်အကောင် အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရပါတယ်။

ကျွန်တော်တို့ ကရင်ပြည်နယ်ဟာ ဒေသဆန် ဖူလုံသော ပြည်နယ် ဖြစ်ပေမယ့် ဆန်ချောစားသုံးလိုတဲ့အတွက် ပြည်နယ်သူ၊ ပြည်နယ်သားများအတွက် ပြည်နယ်အတွက် လိုအပ်သော ဆန်ချောများကို ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ တိုင်းဒေသကြီးများမှ နှစ်စဉ် ဝယ်ယူတင်သွင်းနေပါတယ်။ ဒါကြောင့် ဆန်တင် ယာဉ်များသည် ရန်ကုန်မှဘားအံသို့ သွားလာလျက် ရှိသကဲ့သို့ မြိုင်ကလေး ဘိလပ်မြေ စက်ရုံမှ ဘိလပ်မြေတင်ယာဉ်ကြီး များသည်လည်း ဘားအံမှ မြန်မာပြည်အနှံ့ သယ်ယူပို့ဆောင် သွားလာလျက် ရှိကြပါတယ်။ သို့ရာတွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် နယ်ခြား၊ သထုံ-ဘားအံ လမ်းပေါ်ရှိ ဒုံသမိ ချောင်းကူးတံတားဟာ အရှည်(၆၀၀)ပေ ရှိပြီး၊ ၁၉၇၆ ခုနှစ်က စတင်တည်ဆောက်၍ ၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ ခံနိုင်ဝန် တန်(၄၀)သတ်မှတ်ခဲ့ ပါတယ်။

ယခုအခါ အနှစ်(၃၀) ကြာမြင့်ပြီ ဖြစ်တဲ့အတွက် တံတား၏ ခံနိုင်ဝန်တန်(၄၀) အောက် ရောက်ရှိနိုင်ပါတယ်။ တစ်ခါတစ်ရံမှာ တံတားနှင့် မနီးမဝေး (၁၈)ဘီး ယာဉ် (၄၆)တန် ကုန်ချိန်ကို တန်ပိုမတင်ဘဲ ခွင့်ပြုထားသော်လည်း တံတားခံနိုင်ဝန်ထက် ပိုနေတဲ့အတွက် (၆)ဘီး ကားယာဉ်တွေနဲ့ ကဲ့ပြီး တံတားကို ဖြတ်သန်းနေရတဲ့အတွက် အချိန်ကုန်လုပ်အား ဆုံးရှုံး ကုန်ဈေးနှုန်းများလည်း မြင့်တက်ခဲ့ ရပါတယ်။ အများပြည်သူ မြင်ကွင်းမှာလည်း အမြင်မတော် ဖြစ်နေပါတယ်။ ဒါကတော့ ကျွန်တော် ဒီ မေးခွန်းကို မတင်ခင်က အခြေအနေ ဖြစ်ပါတယ်။ ဒီမေးခွန်းကို တင်ပြီးနောက်ပိုင်း အခုအချိန်မှာတော့ တံတားကို တန်(၅၀)အထိ ခွင့်ပြုပြီး ဖြတ်သန်းခွင့် ပြုထားတဲ့အတွက် ဒီ ပြဿနာတော့ မရှိတော့ပါဘူး။

သို့သော်ငြားလည်းပဲ တန်(၅၀)တံတားပေါ်က နေပြီးတော့မှ မောင်းနှင် ဖြတ်သန်းတဲ့အခါမှာ တံတားကို တံတားပေါ်မှ ဘရိတ်မအုပ်ဖို့ တံတားပေါ်မှာ ယာဉ် မရပ်ဖို့ ဆိုတဲ့ ညွှန်ကြားချက်နဲ့ ဆောက်လုပ်ရေးက ခွင့်ပြုခဲ့တယ်ဆိုတာ ကျွန်တော်တို့ အခုတွေ့ရပါတယ်။ ယခုကဲ့သို့ ဒုံသမိချောင်းကူး တံတားအား(၅၅)တန်အထက် ခံနိုင်ဝန် ရှိအောင် ပြုပြင်မပေးပါက ၂၀၁၅ ခုနှစ်၊ အာဆီယံ နိုင်ငံများမှ ကုန်သွယ်ယာဉ်များ ဝင်ရောက်လာပါက နိုင်ငံတော် လမ်းတံတားများအတွက် အခက်အခဲ ကြုံရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါ ကြယ်ပွင့်ပြ မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ဆက်သွယ်ထားသည့် ဒုံသမိချောင်းကူးတံတား၏ ခံနိုင်ဝန်သည် တန်(၄၀)သာရှိသောကြောင့် (၁၈)ဘီး(၄၆)တန်ယာဉ်များ၊ (၂၂)ဘီး၊ (၅၅)တန်တင်ယာဉ်များ သွားလာနိုင်ရေးအတွက် လက်ရှိ ဒုံသမိချောင်းကူးတံတားအား (၅၅)တန်အထက်ခံနိုင်ဝန်ဖြစ်အောင် ပြုပြင်ပေးရန် အစီအစဉ် ရှိပါသလား။ သို့မဟုတ်ပါက လက်ရှိ ဒုံသမိချောင်းကူးတံတားအစား အာဆီယံနိုင်ငံများမှ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မည့် တံတားအသစ်(၁)စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို ပြည်နယ်သူ/ပြည်နယ်သားများကိုယ်စား မေးမြန်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်းမြို့တွင် ခေတ်မီမြို့တော်ခန်းမ နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ပေး ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)ဦးဇုန်လှယ်ထန်းက ချင်းပြည်နယ်၊ ဖလမ်းမြို့တွင် ခေတ်မီမြို့တော်ခန်းမ နှစ်ထပ် အဆောက်အအုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ အခုလို မေးမြန်းခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီမြို့တော် ခန်းမဟာ ဆိုရင် ကျွန်တော်တို့ အရင်တုန်းက ပြည်သူလူထုနဲ့ အစိုးရပူးပေါင်းပြီးတော့ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အခုအခါ ဟောင်းနွမ်းနေပြီ၊ ဥပမိရုပ်လည်း မကောင်းတော့ပါဘူး။ ပြီးတော့ ကျွန်တော်တို့ ချင်းပြည်နယ် မြို့လယ် ဒီ ဖလမ်းမြို့ မြို့လယ်ခေါင်မှာ ရှိပြီးတော့ ကျွန်တော်တို့ ဒီ ခရိုင်မြို့အဆင့် ကျက်သရေဆောင် အဆောက်အဦအဖြစ် ခေတ်မီနှစ်ထပ် မြို့လယ်ခန်းမ အဆောက်အအုံ အဖြစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၂။**

**ဦးစိုးတင့် ( ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းကံညွန့် မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ဆက်သွယ်ထားတဲ့ ဒုံသမိချောင်းကူးတံတားအား(၅၅)တန် အထက် ခံနိုင်ဝန် ဖြစ်အောင်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် တံတားအသစ် တစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ခြား သထုံ-ဘားအံလမ်းပေါ်မှာရှိတဲ့ အရှည်ပေ(၆၀၀) ရှိတဲ့ ဒုံသမိချောင်းကူးတံတားကို ၁၉၇၆ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၁၉၈၂ ခုနှစ်မှာ ဖွင့်လှစ်ပြီးတော့ အသုံးပြုခဲ့တာဖြစ်ပါတယ်။ တံတားနဲ့ ပတ်သက်တဲ့ အချက်အလက်များကတော့ (၁၀၀)ပေ ခန်းဖွင့်(၆) ခန်းရှိပြီးတော့ အုတ်မြစ်ကို သံကူကွန်ကရစ် ရေတွင်းခွေ အဖြစ်လည်းကောင်း၊ ယက်မများကိုလည်း (၁၀၀)ပေ ကြိုတင်အားဖြည့် သံကူကွန်ကရစ် အမျိုးအစားဖြင့်လည်းကောင်း တည်ဆောက် ထားရှိခဲ့ပါတယ်။ မူလတံတားရဲ့ ခံနိုင်ဝန်ဟာ တန်(၆၀) ဖြစ်ပါတယ်။

ဒုံသမိတံတား သက်တမ်းမှာ နှစ်(၃၀)ကျော် လာတဲ့အတွက် တံတားခံနိုင်ဝန် ကျဆင်းသွားတာကြောင့် ယာဉ်များကို တန် (၄၀) အထိသာ ဖြတ်သန်းရန် သတ်မှတ်ခဲ့ပါတယ်။

သို့သော်လည်းပဲ တံတားကို ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပြီးတော့ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလဆန်း မှာ ပြည်သူ့ ဆောက်လုပ်ရေး (ရုံးချုပ်)မှ တံတားစစ်ဆေးရေး အင်ဂျင်နီယာအဖွဲ့ဟာ ဒုံသမိတံတားကို တန်ချိန် ခံနိုင်ဝန် စမ်းသပ်တဲ့ Load Test စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီးတော့၊ စိစစ်တွက်ချက်မှုများအရ တံတားခံနိုင်ဝန်အား၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလမှ စပြီးတော့ (၅၀.၅)တန်အထိ သတ်မှတ်ပေးခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကဲ့သို့ အာဆီယံနိုင်ငံဖြစ်တဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံမှာ (၂၂)ဘီးတပ် ကုန်တင်ယာဉ်ကြီးများအတွက် ခွင့်ပြု တန်ချိန်စံနှုန်းမှာ (၅၀.၅)တန် ဖြစ်ပါတယ်ခင်ဗျား။ ယခု ဒုံသမိတံတားရဲ့ သန်မှတ်ပေးထားတဲ့ ခံနိုင်ဝန်မှာလည်း (၅၀.၅)တန်ဖြစ်တဲ့အတွက် ထိုင်းနိုင်ငံရဲ့ စံနှုန်းနှင့် တစ်ပြေးညီ ဖြစ်နေပါတယ်။ ဒါကြောင့်မို့ နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများ၊ ဒေသတွင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှာ လုံးဝ အခက်အခဲ မရှိတော့ပဲ ယခင်က ကုန်ကဲ့ သယ်ရခြင်းကြောင့် ဖြစ်ပေါ်ခဲ့တဲ့ အချိန်ကုန်၊ လုပ်အား ဆုံးရှုံးမှုမျိုး မဖြစ်ပေါ်နိုင်တော့ပါ။

ဒီအပြင်(၅၀.၅)တန်အထက် မဖြစ်မနေ သယ်ဆောင်ရမည့် စက်၊ ယန္တရားကြီးများနှင့် ပစ္စည်းများတို့ကိုလည်း ဖြတ်သန်းသယ်ဆောင်ရန် အရေးတကြီး လိုအပ်လာပါကလည်း ဒုံသမိ တံတားရဲ့ အောက်ဘက်ပေ(၁၀၀၀)ခန့် အကွာမှာရှိတဲ့ ရထားလမ်းတံတားပေါ်မှာ ဖြတ်သန်း နိုင်ရေးကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်သွားမည့် အစီအစဉ်လည်း ရှိပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုံသမိကားလမ်းတံတား ကို (၅၀.၅)တန်ရှိ ကုန်တင်ယာဉ်ကြီးများအထိ ဖြတ်သန်းသွားလာနိုင်နေပြီ ဖြစ်ပါကြောင်းနှင့် ၄င်းထက် ပိုမိုသောယာဉ်ကြီးများ ဖြတ်သန်းလိုပါက ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း သဘောတူညီချက် ရယူပြီး ရထားလမ်းတံတားပေါ်မှာ ဖြတ်သန်းနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ယခုအချိန်မှာ တံတားအသစ် ဆောက်လုပ်ရန် အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြ အပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဇုန်လှယ်ထန်းမှ အမျိုးသား လွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ဖလမ်းမြို့လယ်ခေါင်ရှိ ဟောင်းနွမ်း

နေသော မြို့တော်ခန်းမအား ခေတ်မီနှစ်ထပ် အဆောက်အအုံ ဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမြို့လယ်ခေါင်ရှိ မြို့တော်ခန်းမဟာ ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထိန်းသိမ်းတဲ့ အဆောက်အဦ ဖြစ်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားပေးရန် အကြောင်းကြားလာတဲ့အတွက် ကျွန်တော့်အနေနဲ့ ဖြေကြားပေးရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒီ မြို့တော်ခန်းမဟာ မူလက စတင်တည်ဆောက်လုပ်စဉ်ကပင် အုတ်နံကတ်၊ သွမ်းမိုး၊ ကွန်ကရစ်ခင်း အဆောက်အဦး ဖြစ်ပြီးတော့ ၂၀၀၉- ၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ နိုင်ငံတော် ထောက်ပံ့ငွေ ကျပ်(၂၆) သိန်း ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ ခွဲဝေချထားခဲ့ပြီးတော့ ခန်းမရှိ စင်မြင့်နှင့် မျက်နှာကျက်၊ ဆေးသုတ်ပြုပြင်ခြင်း၊ ခေါင်းမိုးပြုပြင်ခြင်း၊ တိုင်များလဲလှယ်ခြင်းနှင့် အဆောက်အဦ တစ်ခုလုံး ဆေးသုတ်မွမ်းမံပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖလမ်းမြို့လယ်ရှိ မြို့တော်ခန်းမ အဆောက်အဦးဟာ နောက်(၂၅) နှစ်အထိ ဆက်လက်အသုံးပြုနိုင်ကြောင်း စိစစ်တွေ့ရှိ ရသဖြင့် ချင်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လတ်တလော ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေး ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာ

ပါတယ်။ အဆိုပါ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ က ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာနှင့် အတူ အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဒေါက်တာမြတ်ဉာဏစိုး(ဥပဒေကြမ်းကော်မတီဝင်)။** ။လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်အားလုံး မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တာ် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း အပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့တဲ့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် အစည်းအဝေး (၃၆)ရက်မြောက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပါသည်။ ယင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ အမျိုးသားလွှတ်တော်၌ ဆွေးနွေးနိုင်ပါရန် ၃၁-၈-၂၀၁၂ ရက်နေ့မှာ ပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီးတဲ့ ဥပဒေကြမ်းမှာ အခန်း(၁၈)ခန်းနဲ့ ပုဒ်မ ၄၆ ခု ပါရှိပါတယ်။

ဒီဥပဒေကြမ်းပေါ်မှာ လေ့လာတွေ့ရှိချက်များကို တင်ပြရမယ်ဆိုရင်ဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ(ဌ) မှာ နိုင်ငံတော် နယ်နိမိတ်အတွင်း ရင်းနှီးမြှုပ်နှံ သူက ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်မှု ပစ္စည်းအမျိုးမျိုးဆိုတဲ့ စာသားအစား နိုင်ငံတကာမှာ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်မှုပစ္စည်းတွေ အားလုံး

အကျုံးဝင် စေရန်အတွက် ရင်းနှီးမြှုပ်နှံသူက ကြီးကြပ်ကွပ်ကဲသည့် ပိုင်ဆိုင်မှုပစ္စည်း အမျိုးမျိုးကို ဆိုသည်လို့ ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါတယ်။

ပုဒ်မ ၂၊ ပုဒ်မခွဲ(ဌ)၊ ပုဒ်မခွဲငယ်(၄)မှာလည်း စတော့(ခ်) (Stock) များနှင့် ဒီဘင်ချာစသည့် ငွေချေး သက်သေခံ လက်မှတ်များ စာသား အစား အင်္ဂလိပ် စကားလုံး အား Stock ဆိုတာကို ဖြုတ်ပြီးတော့ စတော့များ နှင့် ဒီဘင်ချာ စသည့် ငွေချေး သက်သေခံ လက်မှတ်များဟူ၍ လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)မှာ ဘီ.အို.တီ စနစ် ဟု ဖော်ပြထားတာလည်း မြန်မာစာလုံးတစ်ခုနှင့် တစ်ခုကြားမှာ အင်္ဂလိပ်စာ အသုံးအနှုန်းလို Fullstop တွေ ခံပြီးတော့ ရေးထလေ့ မရှိသည့်အတွက် ရေးသားလေ့မရှိတဲ့ အတွက် ကြောင့်မို့လို့ Space လေး ခြားပြီးတော့ပဲ ဘီ အို တီ စနစ် ဟု ပြင်ဆင်ဖို့ ဖြစ်ပါတယ်။

ပုဒ်မ ၂၊ ပုဒ်မခွဲ(ဏ) မှာလည်း ထို့အတူပဲ Space လေးခြားပြီးတော့ ပြင်ဆင်ဖို့ ဖြစ်ပါတယ်။ ထို့ပြင်ပုဒ်မ ၂၊ ပုဒ်မခွဲ(တ) မှာ ဖော်ပြထားတာကတော့ အနုပညာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးဆိုတဲ့ အချက်ဟာ အဓိပ္ပာယ်ဖော်ပြချက်အခန်းမှာ ရောက်နေတဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်တဲ့အခန်းဖြစ်တဲ့ အခြေခံမူများ အခန်းကို အခန်း(၃)ကို ပုဒ်မ ၄၊ ပုဒ်မခွဲ(ထ) အဖြစ် ပြောင်းရွှေ့ဖို့အတွက် ကျွန်တော်တို့ လေ့လာတွေ့ရှိထားပါတယ်။

နောက်တစ်ခါ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း ပုဒ်မ ၃ မှာ ဖော်ပြထားတဲ့ စာသားတွေကတော့ ကျွန်တော်တို့ စာလုံးပေါင်း သတ်ပုံမှန်ကန်အောင် ပြင်ဆင်ဖို့ ဖြစ်ပါတယ်။ လောက်ငှစွာကို ဟတ်ထိုးထည့်ပြီးတော့ ရေးထားတာကို လောက်ငှစွာလို့ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ရင်ဘောင်တန်း ကို ဘနဲ့ ရင်ဘောင်တန်း လို့ ဖော်ပြထားတာကိုလည်း ကျွန်တော်တို့ ပနဲ့ ရင်ပေါင်တန်း လို့ ပြင်ဆင်ဖို့ ဖြစ်ပါတယ်။ ပုဒ်မ ၄ မှာကျတော့ ကျွန်တော်တို့ အခြေခံမူများမှာ မူရင်းမှာ (၁၆)ချက် ရှိပါတယ်။ ဒီဟာမှာ ပိုပြီးတော့ နိုင်ငံသားရင်းနှီးမြှုပ်နှံသူတွေအတွက် ပိုမိုပြီးတော့ ပြည့်စုံစေရန်အတွက် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆိုတဲ့ အခြေခံမူ အသစ်တစ်ခုကို ပုဒ်မ ၄၊ ပုဒ်မခွဲ(ည) အဖြစ် အသစ်ဖြည့်စွက်ဖို့ ကျွန်တော်တို့ ကော်မတီက နေပြီးတော့ အကြံပြု တင်ပြလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

နောက် အရေးအသားကျစ်လစ်စေဖို့ ကော်မတီအနေနဲ့ အကြံပြုတင်ပြလိုတာကတော့ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ) နဲ့ (င)တို့မှာ ဖော်ပြထားတာ နောက်တစ်ခါ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)မှာ ဖော်ပြထားတာတွေကို ဥပဒေပုဒ်မ ၆ မှာ ဖော်ပြထားတဲ့ ကျွန်တော်တို့ ရောထွေးပြီးတော့ ဖော်ပြထားတာ ဖြစ်ပါတယ်။ ကန့်သတ်တဲ့ လုပ်ငန်းနဲ့ တားမြစ်တဲ့ လုပ်ငန်းတွေကို ရောထွေးပြီးတော့ ဖော်ပြထားတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကန့်သတ်တဲ့ လုပ်ငန်းတွေကို ပုဒ်မ ၆ အဖြစ် လည်းကောင်း၊ တားမြစ်တဲ့ လုပ်ငန်းတွေကို ပုဒ်မ ၇ အဖြစ်လည်းကောင်း သီးခြားစီ ခွဲပြီးတော့ ရေးသင့်ပါတယ်။ နောက်တစ်ခါ ပုဒ်မခွဲ ၈ ၊ ပုဒ်မခွဲ(ဂ)တွင်မှာလည်း ခုနက အထက်မှာ တင်ပြခဲ့သလို ပါပဲ၊ ဘီ.အို.တီ ၊ ဘီ. အို. အို စနစ် စာသားတွေမှာလည်း မြန်မာစာ အသုံးအနှုန်းထဲမှာ Fullstop ခံပြီး ရေးထားတာကို ကျွန်တော်တို့ Space လေးခြားပြီးတော့ ဖော်ပြဖို့အတွက် တင်ပြလို ပါတယ်။

ဒါ့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ဖော်ပြထားတွေနဲ့ ညီညွတ်စေရန်အတွက် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)မှာ ဖော်ပြထားတဲ့ စီးပွားရေး နယ်ပယ် အသီးသီးရှိ ကျွမ်းကျင်သူများထဲမှ သင့်လျော်သော ပုဂ္ဂိုလ်များအား ဟူတဲ့ စကားရပ်ကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ဖော်ပြထားတာနဲ့ ညီညွတ်စေဖို့အတွက် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ သင့်လျော်သော ပုဂ္ဂိုလ်များအားဟူ၍ လည်းကောင်း၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)မှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာနက ခွင့်ပြုသော ချီးမြှင့်ငွေ ခံစားခွင့်ရှိသည်ဆိုတဲ့ စကားရပ်အစား အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ခွင့်ပြုသော လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေ တို့ကို ခံစားခွင့်ရှိသည်ဟူ၍လည်းကောင်း ပြင်ဆင်ရေးသားသင့်ကြောင်း တင်ပြ လိုပါတယ်။

နောက် တင်ပြလိုတဲ့ အချက်ကတော့ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဃ)မှာလည်း ဘီ.အို.အို စနစ်ပေါ်တွင် အခြေခံစဥ်းစား ဆောင်ရွက်ခြင်း ဆိုတဲ့ စာသားမှာလည်း Fullstop ဖြုတ်ပြီးတော့ ဖော်ပြဖို့ ဖြစ်ပါတယ်။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(စ) မှာကျတော့ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစေရန် လည်းကောင်း၊ အားပေး အထောက်အကူပြုရန်လည်းကောင်း ဆိုတဲ့ စာသားကို ဝါကျကျစ်လစ်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစေရန်နှင့် အားပေး အထောက်အကူပြုရန် ဟု ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၁၁ ၊ ပုဒ်မခွဲ(ည)

မှာ ချေးငွေများ ရယူနိုင်ရန်အလို့ငှာ ကော်မရှင်က လုပ်ငန်းဆောင်ရွက်သော ထောက်ခံချက်များ ထုတ်ပေးခြင်း ဆိုတဲ့ စကားရပ်နေရာမှာ ကော်မရှင်ရဲ့တာဝန်ကို ပိုမိုလေးနက်စေရန်အတွက် စိစစ်ဆိုတာလေးကိုပါ ကျွန်တော်တို့ ထည့်သွင်းပြီးတော့ ချေးငွေများ ရယူနိုင်ရန်အလို့ငှာ ထောက်ခံချက်များ စိစစ်ထုတ်ပေးခြင်း လို့ ပြင်ဆင် ရေးသားသင့်ကြောင်း တင်ပြအပ်ပါတယ်။

ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဌ)မှာ ပြည်တွင်းနေထိုင်ခွင့် လက်မှတ် ရရှိရေးအတွက် ကော်မရှင်က ကူညီဆောင်ရွက်ပေးရမည် လို့ ဖော်ပြထားပါတယ်။ ဒါကိုလည်း အထက်ဖော်ပြပါ အပိုဒ်တွေနဲ့ ရေးထုံးညီညွတ်စေရန်အတွက် ဆောင်ရွက်ပေးရမည်ဆိုတဲ့နေရာမှာ ပြည်တွင်း နေထိုင်ခွင့် လက်မှတ်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း ဟု ပြင်ဆင်ရေးသားသင့်ကြောင်း တင်ပြ လိုပါတယ်။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဍ)ပါ ဖော်ပြ ချက်ဖြစ်တဲ့ ဤဥပဒေနှင့်အညီ ကျင့်သုံး ဆောင်ရွက်ရန် ကော်မရှင်က တာဝန်ခံရမည်ဆိုတဲ့ စာသားကတော့ မလိုအပ်တဲ့ အတွက်ကြောင့်မို့လို့ ပယ်ဖျက်သင့်ပါကြောင်း တင်ပြလိုပါတယ်။

တစ်ခါ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်း ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)မှာ တည်ဆဲ ဥပဒေတစ်ရပ်ရပ်နဲ့လည်း မဆန့်ကျင်သည့် အဆိုပြုချက်ကို လက်ခံခြင်း လို့ ဖော်ပြထားပါတယ်။ ဒါကိုလည်း ပိုမိုပြည့်စုံစေရန်အတွက် အဆိုပြုချက်ကို စိစစ်ပြီးမှ လက်ခံသင့်တာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့်လည်း မဆန့်ကျင်သည့် အဆိုပြုချက်ကို လိုအပ်သော စိစစ်မှုများ ပြုလုပ်၍ လက်ခံခြင်း ဟု ပြင်ဆင်ရေးသား သင့်ပါကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)မှာ ဖော်ပြထားချက်မှာ သက်ဆိုင်ရာတို့က လျှောက်ထားလျှင် ပဋိညာဥ်စာချုပ်ပါ သက်တမ်း သို့မဟုတ် သဘောတူညီချက်ကို တိုးမြှင့်ရန်ဖြစ်စေ၊ လျှော့ပေါ့ရန် ဖြစ်စေ၊ ပြင်ဆင်ရန် ဖြစ်စေ လိုအပ်ပါက ဤဥပဒေနှင့်အညီ ခွင့်ပြုခြင်းလို့ ဖော်ပြထားပါတယ်။

ဒီစာသားအစား ပိုမိုပြည့်စုံ စေရန်အတွက် ခွင့်ပြုမိန့်သက်တမ်း သို့မဟုတ် သဘောတူညီချက်ကို တိုးမြှင့်ပေးရန်ဖြစ်စေ၊ ပြင်ဆင်ပေးရန်ဖြစ်စေ သက်ဆိုင်ရာတို့က လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းဟု ပြင်ဆင်သင့်ပါကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၁၂မှာပါပဲ။ ပုဒ်မခွဲ(ဃ)မှာ

ဖော်ပြထားတဲ့ အချက်အလက် အထောက်အထားများကို တင်ပြရန် တောင်းဆိုခြင်းဆိုတဲ့ စာသားမှာ အချက်အလက်နဲ့ အထောက်အထားဟာ မတူညီတဲ့အတွက်ကြောင့်မို့လို့ အထောက်အထားများကို ဖြစ်စေ၊ အချက်အလက်များကို ဖြစ်စေ၊ တင်ပြရန် တောင်းဆိုခြင်းလို့ မူရင်း ဥပဒေကြမ်းမှာ ပါရှိတဲ့အတိုင်းပဲ ဖော်ပြသင့်ပါကြောင်း တင်ပြလိုပါတယ်။

ပုဒ်မခွဲ(င)မှာ ဖော်ပြချက်တွေကကျတော့ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကို ခိုင်လုံသော အထောက်အထားများ တွေ့ရှိပါက လုပ်ငန်းကို ဆိုင်းငံ့ထားသည့်အထိ အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်း လို့ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါကိုလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ ညီညွတ်စေရန်အတွက် စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း တို့ကို ခိုင်လုံသော အထောက်အထားများ တွေ့ရှိပါက၊ ပုဒ်မ ၃၃ တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်ခြင်း ဟု ပြင်ဆင်သင့်ပါကြောင်း တင်ပြလိုပါတယ်။

ဥပဒေကြမ်း ပုဒ်မ ၁၄ မှာတော့ ကော်မရှင်မှလို့ သုံးနှုန်းထားတာကို သဒ္ဒါအသုံးအနှုန်း မှန်ကန်ရန်အတွက် ကော်မရှင်က လို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ ခြောက်လ တစ်ကြိမ်ဆိုတဲ့ စာသားမှာလည်း မြန်မာစာရေးထုံးမှာလည်း ခြောက်လလျှင် တစ်ကြိမ်လို့ ရေးသားရန် ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်ကအတည်ပြုခဲ့တဲ့ ဥပဒေကြမ်း ပုဒ်မ ၁၆၊ ပုဒ်မခွဲ(င)မှာ နိုင်ငံခြားကုမ္ပဏီ တစ်ခုခုသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ လွှဲပြောင်းရောင်းချခွင့်ရှိခြင်း ဆိုတဲ့ စာသားကိုလည်း ရှေ့နောက် ညီညွတ်မှု ရှိစေရန်အတွက် နိုင်ငံခြားကုမ္ပဏီ တစ်ခုခုသို့ လွှဲပြောင်းရောင်းချမည် ဆိုပါက နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိခြင်းလို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဆ)မှာလည်း ဘီ.အိုု. အို စနစ်ကို ရှေ့ဦးတင်ပြခဲ့တဲ့အတိုင်း ရေးထုံး မှန်ကန်အောင်ရေးဖို့ ဖြစ်ပါတယ်။ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဇ)မှာတော့ သဒ္ဒါ အရေးအသား မှန်ကန်စေဖို့အတွက် လုပ်ငန်းအား ဆိုတဲ့ စကားရပ်အစား လုပ်ငန်းကို

ဟူ၍ လည်းကောင်း၊ တိုးမြှင့်ခြင်းများအား စကားရပ်အစား တိုးမြှင့်ခြင်းများကို ဟူ၍ လည်းကောင်း ပြင်ဆင်သင့် ကြောင်း တင်ပြလိုပါတယ်။

ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဈ)မှာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြင်ဆင်ရန် ကော်မရှင်သို့ တင်ပြခွင့်ရှိခြင်းဟု ဖော်ပြထားပါတယ်။ ဒါကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေရန် အတွက် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ် ပြင်ဆင်ပေးရန် ကော်မရှင်သို့ တင်ပြခွင့်ရှိခြင်းလို့ ပြင်ဆင်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒီ ပုဒ်မ ၁၆မှာပဲ ပုဒ်မခွဲ(ဠ) မှာ ဖော်ပြထားတဲ့ ကော်မရှင်သို့တင်ပြ လျှောက်ထားခြင်းဆိုတဲ့ စာသားကိုလည်း ကော်မရှင်သို့ တင်ပြလျှောက်ထားခွင့်ရှိခြင်းဟု ပိုမိုပြည့်စုံအောင် ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဍ)မှာ ထောက်ခံချက်များဆိုတဲ့ စာသားအစား ထောက်ခံချက် ပေးတဲ့နေရာမှာ ကျွန်တော်တို့ စိစစ်ပြီးမှ ထောက်ခံချက် ပေးသင့်တဲ့အတွက်ကြောင့်မို့လို့ စိစစ်ထောက်ခံချက်များဖြင့် ဟု ပြင်ဆင်သင့်ပါကြောင်း တင်ပြလိုပါတယ်။

ဥပဒေကြမ်း ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) မှာ တင်သွင်းထားသည့် အဆိုပြုလွှာများကို ဤဥပဒေတွင် သတ်မှတ်သည့် နေ့ရက်အတွင်း ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ သုံးသပ်ဆုံးဖြတ်ရန် ပျက်ကွက်ပါက ပျက်ကွက်သည့် မည်သည့်တာဝန်ရှိပုဂ္ဂိုလ်ကိုမဆို တာဝန်ဝတ္တရားပျက်ကွက်မှုဖြင့် ဥပဒေအရ အရေးယူခြင်းခံရမည် ဆိုတဲ့ စကားရပ်မှာ လည်း နေ့ရက် အတိအကျ သတ်မှတ်ရန် လိုအပ်ခြင်း မရှိတဲ့ အတွက်ကြောင့်မို့လို့ တင်သွင်းထားသော အဆိုပြုလွှာများကို ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ သုံးသပ် ဆုံးဖြတ်ရန် ပျက်ကွက်ပါက ပျက်ကွက်သည့် မည်သည့် တာဝန်ရှိပုဂ္ဂိုလ်မဆို တာဝန် ဝတ္တရား ပျက်ကွက်မှုဖြင့် ဥပဒေအရ အရေးယူခြင်းခံရမည် ဟု ပြင်ဆင် သင့်ပါကြောင်း တင်ပြလိုပါတယ်။

ပုဒ်မ ၂၀၊ ပုဒ်မခွဲ (င) မှာကတော့ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်ဟာ မူလဥပဒေ ပြဋ္ဌာန်းချက်က ပိုမိုသင့်လျော်တဲ့အတွက်ကြောင့် မူလအတိုင်းပဲ ထားရှိသင့်ကြောင်း တင်ပြ လိုပါတယ်။ ဒီပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဠ)မှာကတော့ ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရင်းနှီး မြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအား ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း တိုးချဲ့လုပ်ကိုင်ပါက ယင်းသို့ တိုးချဲ့သည့် လုပ်ငန်းအတွက်

အမှန်တကယ် အသုံးပြုရန် လိုအပ်၍ တင်သွင်းသော ယာဥ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာ အခွန်ဖြစ်စေ၊ အခြား ပြည်တွင်းအခွန်အကောက်များကိုဖြစ်စေ၊ နှစ်မျိုးကိုဖြစ်စေ၊ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လို့ ဖော်ပြထားပါတယ်။ ဒီဥပဒေမှာ ဥပဒေကြမ်းမှာပါရှိတဲ့ အပိုဒ် တော်တော် များများဟာ ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမှာလည်း ဖော်ပြထားတာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။

အဲဒီတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမှာ ဖော်ပြချက်တွေနဲ့ တူညီစေဖို့ အတွက်ကြောင့်မို့လို့ ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ တင်သွင်းသော ယာဥ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက် များဖြစ်စေ နှစ်မျိုးလုံးကိုဖြစ်စေ၊ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လို့ တညီတညွတ်တည်း ဖြစ်အောင်လို့ ပြင်ဆင်သင့်ပါကြောင်း တင်ပြလိုပါတယ်။

နောက်တစ်ခါ ပုဒ်မ ၂၁ မှာ စီးပွားရေး လုပ်ငန်းကို နိုင်ငံပိုင် သိမ်းယူခြင်းမပြုဟု အာမခံသည်ဆိုတဲ့ စာသားမှာလည်း ထိုအတူပါပဲ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အတူ ညီညွတ်စေရန်အတွက် စီးပွားရေးလုပ်ငန်းကို ပဋိညာဥ်စာချုပ်ပါ သက်တမ်း သို့မဟုတ် ယင်းသက်တမ်းကို တိုးမြှင့်ပေးလျှင် ယင်းသို့ တိုးမြှင့်ပေးသည့် သက်တမ်းအတွင်း နိုင်ငံပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံသည်ဟု ပြင်ဆင်သင့်ပါကြောင်း တင်ပြလိုပါတယ်။

ပုဒ်မ ၂၂ မှာ ဖော်ပြထားချက်ကိုတော့ နိုင်ငံခြားငွေ အမျိုးအစားဖြင့် ငွေလွှဲခွင့်ပြုတယ်ဆိုတာကို ပေါ်လွင်ထင်ရှား စေရန်အတွက် မူရင်းဖော်ပြထားတာ ကတော့ ရင်းနှီးမြှုပ်နှံသူသည် မတည်ငွေရင်းတွင် နိုင်ငံခြားငွေ ပါရှိခဲ့ပါက ယင်းငွေကို သတ်မှတ်ချက်များနဲ့အညီ သက်ဆိုင်ရာဘဏ်သို့ ပြန်လည်ပေးဆပ်ခွင့်ပြုရန် ပြည်ထောင်စု အစိုးရအဖွဲ့က အာမခံသည်လို့ပဲ ဖော်ပြထားပါတယ်။ ဒီနေရာမှာ နိုင်ငံခြားငွေ အမျိုးအစားနဲ့ပဲ ပြန်ပြီးတော့ ငွေလွှဲခွင့်ရှိတယ်ဆိုတာ မပေါ်လွင်ပါဘူး၊ ဒါကြောင့်မို့လို့

ရင်းနှီးမြှုပ်နှံသူ၏ မတည်ငွေရင်းတွင် နိုင်ငံခြားချေးငွေ ပါရှိခဲ့ပါက ယင်းချေးငွေကို သတ်မှတ်ချက်များနဲ့အညီ သက်ဆိုင်ရာဘဏ်သို့ ပြန်လည်ပေးဆပ်ရာ တွင် နိုင်ငံခြားငွေ အမျိုးအစားဖြင့် ငွေလွှဲခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က အာမခံသည်ဟု ပြင်ဆင်သင့်ပါကြောင်း တင်ပြလိုပါတယ်။

ပုဒ်မ ၂၃ မှာ ဖော်ပြချက်ဖြစ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်ပစ္စည်းများ၏ ဈေးနှုန်းများအပေါ်တွင် ထိန်းချုပ်မှု၊ ကန့်သတ်မှု မပြုဟု အာမခံသည်ဟူတဲ့ စကားရပ်ကတော့ မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်သင့်ပါကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၂၄ မှာလည်း ဖော်ပြထားတဲ့အထဲမှာ ခိုင်လုံသော အကြောင်းကိစ္စမရှိဘဲလို့ ဖော်ပြထားတဲ့ စကားရပ်ဟာ ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမှာကျတော့ လုံလောက်သော အကြောင်း တစ်စုံတစ်ရာ မရှိဘဲ လို့ ဖော်ပြထားတဲ့ အတွက်ကြောင့်မို့လို့ ညီမျှစွာ ပြင်ဆင်ဖို့ တင်ပြလိုပါတယ်။

နောက်တစ်ခါ ဥပဒေကြမ်း ပုဒ်မ ၃၃ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များမှာလည်း ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းမှာလည်း စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်က (၄)ရပ် ရှိပါတယ်။ ဒီမှာကျတော့ ပြစ်ဒဏ်က (၃)ရပ်ပဲ ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ တူညီမှုရှိရန်အတွက် လုပ်ငန်းကို ကာလသတ်မှတ်၍ ဆိုင်းငံ့ထားခြင်းဆိုတဲ့ ပုဒ်မခွဲတစ်ခုကို အသစ်ဖြည့်စွက်ပြီးတော့ ဖော်ပြသင့်ပါကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၃၈၊ ၃၉၊ ၄၆ တို့မှာ ဖော်ပြထားချက်တွေမှာတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုပြီးတော့ ဥပဒေကြမ်းမှာ ဖော်ပြထားတာ ရှိပါတယ်။ ဥပဒေရဲ့ အမည်မှန်ကတော့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒါကိုလည်းပြင်ဆင်ရန် လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

ပုဒ်မ ၄၂ မှာ ဤဥပဒေက အပ်နှင်းသော လုပ်ပိုင်ခွင့်အရ ကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်လို့ ဖော်ပြထား ပါတယ်။ ဒီနေရာမှာ ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်ကို ပိုမိုစည်းနှောင်အား ရှိစေရန်အတွက် ဤဥပဒေက အပ်နှင်းသော လုပ်ပိုင်ခွင့်အရ ရင်းနှီးမြှုပ်နှံသူအတွက် ရထိုက်ခွင့်ရှိသော အခွင့်အရေးများနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အဆုံးအဖြတ်သည် အတည်ဖြစ်သည်ဟု ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းအပေါ်မှာ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီကနေပြီးတော့ အသစ် ထပ်မံဖြည့်စွက်ထားတဲ့ ပုဒ်မ(၁)ခု ရှိပါတယ်။ ပုဒ်မခွဲ(၂)ခုနဲ့ ပယ်ဖျက်သင့်ကြောင်း တင်ပြထားတဲ့ ပုဒ်မ(၁)ခု ပုဒ်မခွဲ(၂)ခု ရှိပါတယ်။ ဒါတွေကို လွှတ်တော်က လက်ခံဆောင်ရွက်ပြီးတဲ့အခါမှာ ဤဥပဒေကြမ်းမှာ ပါဝင်တဲ့ ပုဒ်မ၊ ပုဒ်မခွဲတွေကို ပြောင်းလဲအမှတ်စဉ်ရမှာ ဖြစ်ပါကြောင်းလည်း တင်ပြလို ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကော်မတီ၏သဘောထားမှတ်ချက်ကို နိဂုံး တင်ပြပါမယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းပြီး ပြင်ဆင် ဖြည့်စွက်ထားခြင်း ဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက် နိုင်ပါရန် တင်ပြအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၅-၁၁-၂၀၁၂ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အခု အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၇) နာရီတွင် ခေတ္တရပ်နားပြီး (၁၁း၃၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတစ်ဝန်းလုံး၌ ပညာရေးကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြား လေ့လာသင်ယူခွင့် အခွင့်အလမ်းများ ရရှိစေရေး အမျိုးသားရေး တာဝန်အဖြစ်ခံယူပြီး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၂၈)ရက်မြောက်နေ့ (၁၆-၈-၂၀၁၂)တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း တင်သွင်းထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတစ်ဝန်းလုံး၌ ပညာရေးကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြား လေ့လာသင်ယူခွင့် အခွင့်အလမ်းများ ရရှိစေရေး အမျိုးသားရေး တာဝန်အဖြစ်

ခံယူပြီး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၈)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်း တင်သွင်းခဲ့တဲ့ ပညာရေးကဏ္ဍနဲ့သက်ဆိုင်တဲ့အဆိုကို ထောက်ခံ ဆွေးနွေးမှာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပညာရေး ကဏ္ဍဟာ ကမ္ဘာနဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်လိုက်တဲ့အခါမှာ နောက်ကျပြီးတော့ ကျန်နေခဲ့တယ်ဆိုတဲ့ အရှိတရားကို ကျွန်တော်တို့ လက်ခံထားဖို့ လိုပါလိမ့်မယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး တင်သွင်းခဲ့တဲ့အဆိုမှာ အဓိကအချက်(၅)ချက် ပါပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဒီအချက်တွေကတော့ (၁)ကျေးရွာတိုင်းတွင် အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်ပေးရေး၊ ရွာတိုင်းမှာ မူလတန်းကျောင်းတစ်ကျောင်းရှိဖို့ပါ။ အချက်(၂)ကတော့ ကျေးရွာအုပ်စုတိုင်းမှာ အလယ်တန်းကျောင်း တစ်ကျောင်း ရှိဖို့ပါ။ အချက်(၃)ကတော့ တိုက်နယ်အဆင့်တိုင်းမှာ အခြေခံပညာအထက်တန်းကျောင်း ဒါမှမဟုတ်ရင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ပေးဖို့ ဖြစ်ပါတယ်။ (၄)အချက်ကတော့ မြို့ပေါ် ရပ်ကွက်များမှာ အလယ်တန်း၊ အထက်တန်းကျောင်းများကို ကျောင်းသားဦးရေပေါ် မူတည်ပြီးတော့ အချိုးကျ ဖွင့်လှစ်ပေးရေး ဖြစ်ပါတယ်။ (၅)အချက်ကတော့ မြို့နယ် ချင်းဆက်၊ မြို့နယ်ခြား ဒေသတွေမှာလည်း အခြေခံပညာအထက်ကျောင်း(ခွဲ)တွေ ဖွင့်လှစ် ပေးဖို့ ဖြစ်ပါတယ်။

ဒီ(၅)ချက်ကို အဆိုရှင်က တင်ပြလာတဲ့အခါမှာလည်း ဒါကို ပြန်သုံးသပ် ကြည့် ရမယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်တွေမှာ အမြဲတမ်းမူလတန်းကျောင်းတွေ ဖွင့်ခွင့်ရဖို့ နောက်တစ်ခါ အခြေခံပညာကျောင်းတွေကို အဆင့်အလိုက် အဆင့်တိုးမြှင့်ခွင့်ရဖို့ကို အမြဲတမ်း တင်ပြဆွေးနွေး နေကြတာ ရှိပါတယ်။

အဆိုရှင်ရဲ့ မူလအဆိုမှာကလည်း ဒီလို ဆောင်ရွက်ပေးမယ်ဆိုရင် ကျေးရွာ အုပ်စုများ၊ ကျေးရွာများမှ ပညာရေးကဏ္ဍနဲ့ပတ်သက်ပြီး အခြေခံပညာကျောင်းများ တင်ပြတောင်းဆိုမှုများ မရှိတော့ဘဲ ကျေးလက်ဒေသနေ ပြည်သူများ အားလုံး တစ်ပြေးညီ ပညာသင်ယူခွင့်ရရှိကာ တူညီသည့် တန်းတူညီမျှ အခွင့်အရေး ရရှိသွားကြမယ် ဖြစ်ပါတယ်လို့ တင်ပြခဲ့တာ ရှိပါတယ်။

အဲဒီတော့ ခုန အချက်(၅)ချက်ကို ပြန်ပြီးတော့ သုံးသပ်ကြည့်မယ်ဆိုရင် ကျေးရွာတိုင်းမှာ လူဦးရေအနည်းအများ၊ အိမ်ထောင်စုအနည်းအများကိုမဆို ကျွန်တော်တို့ ကျေးရွာတိုင်းမှာ မူလတန်းကျောင်း တစ်ကျောင်းစီ ဖွင့်နိုင်တဲ့ အနေအထားရှိနေပြီလား၊ ကျေးရွာအုပ်စုတိုင်းမှာ အလယ်တန်းကျောင်းတွေ ရှိနေပြီလားဆိုတာကို ဒါ ကျွန်တော်တို့ တိုက်နယ်တိုင်းမှာ အထက်တန်းကျောင်း သို့မဟုတ် အထက်တန်းကျောင်း(ခွဲ)တွေ ရှိနေပြီလားဆိုတာကို မှန်မှန်ကန်ကန် ပြန်သုံးသပ်ကြည့်ရမှာ ဖြစ်ပါတယ်။ အဖြေကတော့ မရှိသေးပါဘူး။ ဒီအခါမှာ ကျွန်တော်တို့ နိုင်ငံတော်အစိုးရနဲ့တကွ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့လည်း ဘဏ္ဍာရန်ပုံငွေ ခွဲဝေသုံးစွဲရမှု အနေအထား၊ နောက် ပညာရေးဝန်ထမ်း မလုံလောက်တဲ့ အနေအထားတွေ၊ အခက်အခဲတွေ အများကြီး ရှိတယ်ဆိုတာကို ကျွန်တော်တို့သိပါတယ်။

ဒါပေမဲ့ အဆိုရှင်တင်ခဲ့တဲ့အဆိုဟာ အမျိုးသားရေး တာဝန် အဖြစ် ခံယူပြီး တော့ကို ဒါလေးကို ဆောင်ရွက်ပေးပါလို့ တင်ပြခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာဆိုရင် စာတတ်မြောက်မှုနှုန်းအနေနဲ့ အင်မတန်မှ မြင့်မားတဲ့ နိုင်ငံ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ဒီလိုကျေးလက်ဒေသတွေပါမကျန် ကျွန်တော်တို့ ရွာတိုင်း ရွာတိုင်းမှာ မူလတန်းပညာကို အခြေခံကနေ စပြီးတော့ သင်ကြား နိုင်တဲ့ အခြေအနေ ရှိခဲ့မယ်။ သင်ကြားခွင့်ရခဲ့မယ်ဆိုရင် ကျွန်တော်တို့ ရှေ့ဆက်သွား

ရမယ့် ဒီမိုကရေစီနိုင်ငံသစ်ကြီးရဲ့ ရှေ့ခရီးအတွက် အင်မတန်မှ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ ပညာရေး၊ ကျန်းမာရေးအခြေအနေတွေ မကောင်းဘဲနဲ့ ဒီ တိုင်းပြည်တစ်ပြည်ဟာ တိုးတက်ဖို့ဟာ အင်မတန်မှကို အခွင့်အလမ်း နည်းပါးပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဒါကြောင့်မို့လို့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း တင်သွင်းခဲ့တဲ့ အဆိုကို အဆိုထဲမှာ ပါရှိတဲ့အတိုင်းပဲ ရွာတိုင်းမှာ ကျောင်းတွေ၊ အခြေခံပညာ မူလတန်းကျောင်းတွေ ဖွင့်ခွင့်ရဖို့ ကျေးရွာအုပ်စုတိုင်းမှာ အလယ်တန်း ကျောင်းတွေ ထူထောင်ပေးနိုင်ဖို့ တိုက်နယ်တိုင်းမှာ အခြေခံပညာအထက်တန်းကျောင်း သို့မဟုတ် ကျောင်း(ခွဲ)တွေ ထူထောင်ပေးနိုင်ဖို့ဆိုတဲ့ အဆိုကို ကျွန်တော့်အနေနဲ့ လေးလေး နက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၅။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြု အပ်ပါတယ် ခင်ဗျား။

ကျွန်တော် ဒီကနေ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ၁၆-၈-၂၀၁၂ ရက်နေ့က တင်သွင်းသွားခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတစ်ဝန်းလုံး၌ ပညာရေးကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြား လေ့လာသင်ယူခွင့် အခွင့်အလမ်း ရရှိစေရေး အမျိုးသားရေး

တာဝန်အဖြစ်ခံယူပြီး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အပိုင်း(၅) ပိုင်း ခွဲပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ရဲ့ အဆိုကို စာဖြင့်ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

၁။ နိုင်ငံသားတိုင်း ပညာအရည်အချင်း မြင့်မားရေး။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာသင်ကြားခွင့် ရရှိရေးဟာ နိုင်ငံသားတိုင်းရဲ့ အခွင့်အရေး ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးပါတယ်။ တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး ကုန်ထုတ်လုပ်ငန်းတွေ တိုးတက်ဖို့အတွက် စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ အရည်အချင်း ပြည့်ဝတဲ့ နိုင်ငံသားတွေ ဖြစ်ဖို့ လိုအပ်ပါတယ်။ ဒီလို အရည်အချင်းပြည့်ဝတဲ့ နိုင်ငံသားတွေ ဖြစ်လာစေဖို့အတွက် လူတိုင်း၊ လူတိုင်း ပညာသင်ကြားခွင့် အခွင့်အရေးတွေကို တန်းတူညီမျှ ရရှိနိုင်အောင် ဖန်တီးပေးဖို့အတွက် နိုင်ငံတော်မှာ တာဝန်ရှိပါတယ်။ လူတိုင်းလူတိုင်း ပရိယေသန ရှာမှီး နိုင်ဖို့နဲ့ နိုင်ငံရဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်ဖို့အတွက် အနိမ့်ဆုံး သတ်မှတ်တဲ့ အခြေခံပညာအဆင့်အတန်းအထိ မသင်မနေရ ပြဋ္ဌာန်းနိုင်ဖို့အတွက် နိုင်ငံတော်မှာ တာဝန် ရှိပါတယ်။ ပညာနဲ့တူတဲ့ အရာ ဆိုတာ မရှိပါဘူး။ နိုင်ငံသားတွေ ပညာအရည်အချင်း ပြည့်ဝမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

၂။ နိုင်ငံတော်မှ ထားရှိအပ်သည့် ပညာရေးရည်မှန်းချက်များ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းရဲ့ အဓိကပညာရေး ရည်မှန်းချက်ကတော့ နိုင်ငံသားတိုင်း ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ မိတ္တဗလနဲ့ စာရိတ္တဗလဆိုတဲ့ ဗလငါးတန်နဲ့ ပြည့်စုံပြီးတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်ရဲ့ တာဝန်တွေကို အပြည့်အဝ ထမ်းဆောင်တတ်ဖို့အတွက် ဖြစ်ပါတယ်။ ဒီလို ဗလငါးတန်နဲ့ ပြည့်ဝတဲ့ နိုင်ငံသားတွေ ရှိလာမှသာလျှင် နိုင်ငံဟာ အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်း ယှဉ်ပြိုင်လာနိုင်မှာ ဖြစ်ပါတယ်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာနိုင်မှာ ဖြစ်ပါတယ်။ မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်ထက်မြက် လာကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားတိုင်း အသိပညာနဲ့ အတတ်ပညာတွေ တိုးတက်လာနိုင်ဖို့နဲ့ တီထွင်ကြံဆ နိုင်ကြဖို့အတွက် ဝိဇ္ဇာပညာရပ်တွေနဲ့ သိပ္ပံပညာရပ်တွေကို သိကျွမ်း

တတ်မြောက်ပြီး အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာတွေ အခြေခံပညာရပ်တွေကို တတ်မြောက်လာအောင် သင်ကြားပို့ချပေးဖို့ လိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်၏အခြေခံမူများကဏ္ဍ၊ ပုဒ်မ - ၂၂ တွင် နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏ စကား၊စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီဆောင်ရွက်မည်။ (ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး နှင့် ရိုင်းပင်းကူညီရေး တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်သွားမည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည် လို့ ပြဋ္ဌာန်းထားပါတယ်။

အမှန်က ဒီနေရာမှာ ကူညီဆောင်ရွက်မည်( The Union Shall assist) ဆိုတဲ့ စကားအစား လုပ်ဆောင်ရမည် (The Union must do)ဆိုတဲ့ စကားစုကို ဖြစ်သင့်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာ ရှိတဲ့ တိုင်းရင်းသားအားလုံးတို့ရဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှုတွေနဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စတဲ့ လူမှုစီးပွားရေးတွေ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုရင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနဲ့ ရိုင်းပင်းကူညီရေး ဆိုတာတွေဟာ အလိုလို ပြီးမြောက်သွားမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီလိုဖြစ်လာဖို့အတွက် နယ်စွန်ကျေးလက်မကျန် မြန်မာနိုင်ငံရဲ့ ဒေသအားလုံးမှာ တူညီတဲ့ ပညာသင်ကြားခွင့် အခွင့်အလမ်းတွေကို ပြည်ထောင်စုအစိုးရက ဖန်တီးလုပ်ဆောင်ပေးဖို့ လိုပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်မြှုပ်နှံရမယ့် အရင်းအနှီးတွေထဲမှာ နိုင်ငံသားများ ပညာရည်မြင့်မားရေးအတွက် ရင်းနှီးမြှုပ်နှံမှုကို ပထမဦးစားပေးအဆင့်အနေနဲ့ အကောင်အထည်ဖော် လုပ်ဆောင်ပေးဖို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရကို ကျွန်တော် ဒီနေရာက တိုက်တွန်းအပ်ပါတယ်။

၃။ ပညာသင်ကြားခွင့် အခွင့်အလမ်းတန်းတူ ရရှိရေး။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်ကဏ္ဍပုဒ်မ - ၃၆၉ တွင် နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် တူညီသော အခွင့်အလမ်းရရှိစေရမည် - (က) ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှု၊ (ခ) အလုပ်လုပ်ကိုင်မှု၊ (ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊(ဃ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှု၊ (င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊ (စ) ဝိဇ္ဇာပညာ၊သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီအခွင့်အရေးတွေကို ရယူခံစားနိုင်ဖို့အတွက် နိုင်ငံသားတိုင်းဟာ လုပ်ငန်းအလိုက် သက်ဆိုင်ရာ ပညာရပ်တွေကို တန်းတူညီမျှ သင်ယူခွင့်ရရှိဖို့လိုပါတယ်။ အထူးသဖြင့် အခြေခံပညာရပ်တွေကို သင်ယူခွင့် အခွင့်အရေး တန်းတူညီမျှ ရှိဖို့လိုပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံလူဦးရေရဲ့ (၇၀) ရာခိုင်နှုန်းဟာ လယ်ယာစိုက်ပျိုးမှုလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုကြရပြီး ကျေးလက်ဒေသတွေမှာ နေထိုင်ကြပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဟာ ဒီ (၇၀) ရာခိုင်နှုန်းသော လူများစုကြီး ပညာရည် မြင့်မားတိုးတက်မှုအပေါ်မှာ မူတည်နေပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ ကျေးလက်ဒေသများ ပညာရည်ဖွံ့ဖြိုးရေးအတွက် မူဝါဒတွေကို ချမှတ်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ဖို့ လိုပါတယ်။ မူဝါဒ ချမှတ်တဲ့အခါမှာလည်း အစိုးရက ကျင့်သုံးနေတဲ့ နိုင်ငံရေးမူဝါဒတွေထက် ပညာရေးဆိုင်ရာ မူဝါဒတွေ၊ အတွေးအခေါ်တွေကို အခြေခံချမှတ်ဖို့ အရေးကြီးပါတယ်။ နိုင်ငံရေးမူဝါဒဆိုတာဟာ နိုင်ငံသားတွေရဲ့ ရွေးချယ်ပိုင် ခွင့်ပဲ ဖြစ်ပါတယ်။

၄။ ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချရေး။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ကမ္ဘာ့အဆင်းရဲဆုံးစာရင်းဝင်နိုင်ငံ တစ်နိုင်ငံဖြစ်နေတဲ့ အပြင် မြို့ပြနဲ့ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်မြင့်မားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်နေပါတယ်။ ဒီလိုဖြစ်လာရတဲ့ အဓိက အကြောင်းအရင်းဟာ နိုင်ငံ့လူဦးရေရဲ့ (၇၀) ရာခိုင်နှုန်းဖြစ်တဲ့ ကျေးလက်နေ ပြည်သူတွေရဲ့ ပညာအရည်အချင်း နိမ့်ကျနေမှုကြောင့်ပဲ ဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဦးအောင်ငြိမ်း ရဲ့ အဆိုပြုချက်မှာ မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဥ်လေ့လာ

သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်မည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းစေရန်ဆိုသည့် မြန်မာ့ပညာရေး ရည်မှန်းချက် ထားရှိပြီး နိုင်ငံတော်အစိုးရ အနေနဲ့ ဦးတည်ချက် (၅)ရပ်နဲ့ လုပ်ငန်းစဉ်(၁၀) ရပ်တို့ဖြင့် အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြား လေ့လာသင်ယူခွင့် အခွင့်အလမ်းများ ရရှိရေး ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါသည် လို့ ဖော်ပြထားတာပါတယ်။

၅။ ထောက်ခံတိုက်တွန်းချက်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြနဲ့ ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ပပျောက်ရေးနဲ့ ဆင်းရဲမွဲတေမှု ပပျောက်ရေးတို့အတွက် မြို့ပြနဲ့ ကျေးလက်နေ ပြည်သူအားလုံး ပညာသင်ယူခွင့် အခွင့်အရေးတစ်ပြေးညီ ရရှိရေးဟာ အဓိကအရေးကြီးဆုံးသော ကိစ္စရပ်ဖြစ်တဲ့အတွက် မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးအောင်ငြိမ်း တင်သွင်းတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတစ်ဝန်းလုံး၌ ပညာရေးကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြားလေ့လာ သင်ယူခွင့် အခွင့်အလမ်းများရရှိစေရေး အမျိုးသားရေး တာဝန်အဖြစ် ခံယူပြီး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက် ထောက်ခံပါကြောင်းနဲ့ နိုင်ငံတော်ပိုင်းမှလည်း အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၄။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပညာရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်

မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ အဆိုဖြစ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတစ်ဝန်းလုံး၌ ပညာရေးကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြား လေ့လာသင်ယူခွင့် အခွင့်အလမ်းများရရှိရေး အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ခံယူပြီးဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုလို တင်ပြဆွေးနွေးရာမှာ နိုင်ငံတော်အစိုးရရဲ့ ပညာရေးလုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဝေဖန်ခြင်းမဟုတ်ဘဲနဲ့ ဆက်လက်၍ တိုးမြှင့်ပြောင်းလဲစေလိုသော ဆန္ဒဖြင့် အပြုသဘောဆောင်လျက် ဆွေးနွေး သွားမှာဖြစ်ပါတယ်။ ၂၀၀၈ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ အခြေခံမူများ၊ ပုဒ်မ ၂၈ (ခ) မှာ ပြည်သူတို့၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသား ပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည် ဟု ဖော်ပြထားရှိပါတယ်။

ယနေ့ မြန်မာနိုင်ငံရဲ့ ပညာရေးဆောင်ပုဒ်ဟာလည်း ပညာရေးဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်အံ့ ဟူ၍ဖြစ်တယ်။ ထို့အပြင် မျက်မှောက်ခေတ် ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာ သင်ယူ နေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်သည့် ပညာရေးစနစ် တစ်ခု ဖြစ်ထွန်းရန် ဟူ၍လည်း ပညာရေးမျှော်မှန်းချက်ကို ခိုင်မာစွာ ကမ္ဘည်းမော်ကွန်း ထိုးလျက် စိုက်ထူ သတ်မှတ်လျက် ရှိပါတယ်။ ယင်းမျှော်မှန်းချက် ပေါက်မြောက်နိုင်ရန် အနှစ်(၃၀) နှစ်ရှည် စီမံကိန်းနှင့် နှစ်တိုစီမံကိန်းများ ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်နေ ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အခြေခံပညာရေး ဦးတည်ချက် (၅)ရပ်နှင့် လုပ်ငန်းစဉ် (၁၀)ရပ် ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်နေတာကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ကျွန်တော်တို့ မြန်မာ့ပညာရေး ကိုကြည့်ရင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍဆိုပြီး တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆွေးနွေးရာမှာ အခြေခံပညာကဏ္ဍကို ဖောင်းပေးပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အခြေခံပညာကဏ္ဍဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပညာရေးလောကတစ်ခုလုံးရဲ့ အခြေခံအုတ်မြစ် ဖြစ်လို့ပါပဲ။

အဆိုရှင် တင်သွင်းသွားတဲ့ မြို့ရော၊ တောပါ ပညာရေး ဟန်ချက်ညီဖို့၊ တစ်ပြေးညီ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းရနိုင်ဖို့၊ နိုင်ငံတော်အစိုးရမှ အမျိုးသားရေး တာဝန်အဖြစ် တိုးမြှင့်ပြောင်းလဲ ဆောင်ရွက်ပေးမှသာ အောင်မြင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ အခြေခံမူများ ပုဒ်မ-၂၂ (ဂ) မှာ တိုးတက်ဖွံ့ဖြိုးမှု နည်းပါး နေသေးတဲ့ တိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်တို့ ပါဝင်သော လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကူညီဆောင်ရွက်ရမည် ဟူ၍ အတိအလင်း ဖော်ပြပါရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့လက်ရှိ မြန်မာ့ပညာရေး လောကရဲ့ အချို့ဒေသနေရာတွေမှာ တရားမဝင် ကျူရှင်ဝိုင်းများကြောင့် ဆရာ/ဆရာမ များ အထွေထွေသော စည်းကမ်းပျက်မှု၊ ကျောင်းသားများ စာရိတ္တမကျကိုင် ယိုယွင်းလာမှု၊ ပညာရေးလောကတွင် ဆက်ဆံရေး မပြေလည်မှု၊ မိဘများ ကျူရှင်စရိတ်ကြီးမားမှု စတဲ့၊ စတဲ့ အခက်အခဲများကို ရင်ဆိုင်တွေ့ကြုံနေကြရပါတယ်။ ကျောင်းသားများ အတန်းပညာ အောင်မှု ကျပြန်တော့လည်း အဆင့်တူဆရာများ သင်တာချင်းတူသော်လည်း၊ တောနှင့်မြို့ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသ ခြားနားကွာဟမှုကြောင့် အခြေခံပညာအဆင့် (၁၀)တန်းစာမေးပွဲအောင်ချက် နှုန်းချင်း မတူညီလာနိုင်သည့်အပြင်၊ အချို့ကျောင်းများမှာ အောင်သူ မရှိသည့် နှုန်းအထိပင် ရောက်ရှိတဲ့ အနေအထားမျိုး ကွာဟချက်များ ရှိနေ ပါတယ်။

ထို့ကြောင့် ဝေးလံသီခေါင်တဲ့ ခက်ခဲသော မြန်မာနိုင်ငံ၏ အစွန်အဖျားဒေသရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းကျောင်းများနှင့်ထက်(ခွဲ)ကျောင်းများအား သတ်မှတ် ထားသော ပညာရေးစံများ၊ မူများနှင့် မကိုက်ညီသော်လည်း ခြွင်းချက်ပြုလျက် လိုက်နာ

လိုအပ်သောနေရာများတွင် ကျောင်း Section သစ်များ ဖွင့်လှစ်ပေးခြင်း၊ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်း၊ အတန်းအနေအထားအရ သော်လည်းကောင်း၊ ဘာသာရပ် အနေအထားအရ သော်လည်းကောင်း၊ ဆရာများ တိုးချဲ့ခန့်ခြင်း၊ (ဝေးလံဒေသများ ဖြစ်သော) နယ်စွန်နယ်ဖျားဒေသများ၌ နှစ်ယောက်ကျောင်းများ၊ သုံးယောက်ကျောင်း ဖြစ်လာစေနိုင်ရေး၊ သုံးယောက် ကျောင်းများ၊ သုံးယောက်ဆရာများ၊ လေးယောက် ဆရာများ ကျောင်းများ ဖြစ်လာစေနိုင်ရေးအတွက် မျှော်လင့်လျက် တင်ပြခြင်း ဖြစ်ပါ တယ်။

ပညာရေးနှင့် ဆက်နွယ်လျက်ရှိတဲ့ အားကစားကဏ္ဍများ ပို၍မြင့်မားလာရေး အတွက်လည်း မူလတန်းကျောင်းများမှာ တစ်ကျောင်းချင်း သို့မဟုတ် အုပ်စုကျောင်း အလိုက် ကာယဆရာများ တိုးမြှင့်ခန့်ထားလျက် ပညာရေးလောကတွင် တရားမဝင် ကျူရှင် ဆရာများ လျော့နည်းပပျောက်လာရေးအတွက်လည်း တစ်ဘက်မှ ဆရာများ၏ ဝန်ထမ်းလစာ တိုးမြှင့် ပေးရေးအတွက်လည်း တင်ပြဆွေးနွေးလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဤသို့အားဖြင့် ပညာရေးကဏ္ဍများ တိုးမြှင့်ပြောင်းလဲခြင်းပြုသည့်အပြင် ပြုပြင်ပြောင်းလဲ၍ ကဏ္ဍအ သီးသီး ဟန်ချက်ညီစွာ နိုင်ငံတော်အစိုးရမှ တည်ဆောက်ပေးနိုင်မှသာလျှင် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ တောနှင့် မြို့မခြား၊ တောင်ပေါ်၊ မြေပြန့်မကွာ ပညာရေးအခွင့်အလမ်းများ တစ်ပြေးညီ ခံစားလာနိုင်ကြလိမ့်မယ်လို့ ယုံကြည်တယ်။ ထို့ကြောင့် နိုင်ငံ့အတွက် ကျန်းမာကြံ့ခိုင်သော စည်းကမ်းကောင်းသော၊ လိမ္မာယဉ်ကျေးသော၊ မျိုးချစ်စိတ်ရှိသော၊ လူသားအရင်းအမြစ်များ ဆက်လက် ပေါ်ထွန်းလာရေးအတွက် ပြည်ထောင်စုအစိုးရမှ လိုအပ်မည့် ဥပဒေများ၊ မူများ ရေးဆွဲလျက် အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ပါတယ်။

ထို့ကြောင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်းရဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် ဤအဆိုကို လေးနက်စွာ ထောက်ခံရင်း၊ ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဦးမင်းဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးမင်းဦး မဆွေးနွေးမီ ဦးမင်းဦးနဲ့ ပတ်သက်လို့ သတိပေးဖို့ ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ် လွှတ်တော်ထဲမှာဆွေးနွေးတာ ဥက္ကဋ္ဌ ကို ဦးတည်ပြီးတော့ ဆွေးနွေးရတာ ဖြစ်ပါတယ်။ လွှတ်တော်ထဲမှာ ပြောတဲ့၊ ဆိုတဲ့ သုံးနှုန်းတဲ့ စကားလုံးတွေဟာ လွှတ်တော်နဲ့ ထိုက်တန်အောင် ပြောဖို့လိုပါတယ်။ ဒါ ဟိုတစ်နေ့က ပြောသလို လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်တော်များ စဉ်းစားတော်မူကြပါရန် ကျွန်တော် ပြောတော်မူပါတယ်ဆိုတဲ့ ကပြက်ကချော် အသုံးအနှုန်းမျိုး မသုံးဖို့ ကြိုတင်သတိ ပေးပါတယ်။

ဒါ အခု မသိရှိသေးတဲ့အတွက် ခွင့်လွှတ်ခြင်း ဖြစ်ပါတယ်။ နောင်ကို တရားဝင် မှတ်တမ်းတင်ပြီး သတိပေးမှာ ဖြစ်ပါတယ်။ အခု ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတစ်ဝန်းလုံး၌ ပညာရေးကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြား လေ့လာသင်ယူခွင့် အခွင့်အလမ်းများ ရရှိရေး အမျိုးသားရေးတာဝန် အဖြစ် ခံယူပြီး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက် လို့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အဆိုကို လေ့လာကြည့်ရာမှာ ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြား လေ့လာသင်ယူခွင့် ဆိုရာမှာ မြို့ပြနဲ့ ကျေးလက်ကွာဟမှု ဟန်ချက် မညီမျှမှု ကို ဆိုလိုတယ်လို့ နားလည်မိပါတယ်။

ဟန်ချက်မညီမျှမှုများမှာ (၁) ပညာသင်ယူခွင့် ရရှိသော်လည်း ဟန်ချက်မညီမျှခြင်း၊ (၂) ပညာသင်ယူခွင့် အခွင့်အလမ်းနည်းပါးခြင်းနဲ့ ပညာသင်ယူခွင့် အခွင့်အလမ်း မရှိခြင်း ကြောင့် ဟန်ချက်မညီခြင်း လို့ သဘောပေါက်မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာသင်ယူခွင့်ရှိသော်လည်း ဟန်ချက်မညီခြင်း ဆိုသည်မှာ ကျောင်းရှိသော်လည်း ဆရာ/ဆရာမ အင်အား မလုံလောက် ခြင်း၊ စာရေးခုံ၊ ထိုင်ခုံ၊ စားပွဲ၊ ကုလားထိုင်၊ ကျောက်သင်ပုန်း မလုံလောက်ခြင်း၊ အမိုး/အကာ မလုံခြုံခြင်း၊ သင်ထောက်ကူပစ္စည်း မရှိခြင်းတို့ ဖြစ်ပါတယ်။ တချို့ကျောင်း များမှာဆိုရင် ဥပမာ- မြို့ပြကျောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းတဲ့ကျောင်း၊ ကျူရှင်ဈေးကွက် ရှိတဲ့ ကျောင်းများမှာဆိုရင် ဆရာအင်အားဟာ လိုတာထက် ပိုနေတာမျိုးတွေ ရှိနေသလို၊ တချို့ကျောင်းတွေမှာကျတော့ ဆရာအင်အားဟာ တကယ် မလုံလောက်ပါဘူး။

တချို့ကျောင်းတွေမှာ ဆရာ/ဆရာမ ပြောင်းရွှေ့သွားရင်တောင် အစားထိုး ခန့်ဖို့ (၁)နှစ်မှ (၂)နှစ်လောက် ကြာတယ်လို့ သိရပါတယ်။ တချို့နေရာတွေမှာကျတော့ ဆရာ/ဆရာမက တာဝန်ကျတာက ရွာကျောင်းမှာ။ ဒါပေမဲ့ လူကြီးနဲ့ အဆင်ပြေတော့ လိုအပ်ချက်အရဆိုပြီး မြို့ကျောင်းမှာ ခေါ်တွဲထားပြီး၊ အထက်တန်းအထိ သင်ကြားခိုင်း တာမျိုးတွေလည်း ရှိပါတယ်။ တချို့ကျောင်းတွေမှာဆိုရင် လိုအပ်ချက်ဟု ဆိုကာ မူလတန်း ဆရာမကို အလယ်တန်း တက်သင်ခိုင်းပြီး၊ အလယ်တန်းဆရာမကို အထက်တန်း တက်သင် ခိုင်းတာတွေ ရှိပါတယ်။

တကယ်လိုအပ်တယ်ဆိုရင် ဝန်ကြီးဌာနကိုတင်ပြပြီး လူမှန်/နေရာမှန် ရရှိရေး တောင်းဆိုရင် မရနိုင်ဘူးလား။ ခုတော့ရရှိပြီးသား အခွင့်အရေးလည်း ဆုံးရှုံးရသလို ရရှိလာမယ့်အခွင့်အရေးတွေကိုလည်း ပိတ်ပင်တားဆီးထားရာ ရောက်ပါတယ်။ ဒါတွေဟာ ဟန်ချက်မညီမျှမှုတွေပါ။ ဒါတွေကိုလည်း ဝန်ကြီးဌာနအနေနဲ့ စိစစ်သင့်ပါတယ်။

နောက် သင်ယူခွင့် အခွင့်အလမ်း နည်းပါးခြင်းနှင့် သင်ယူခွင့် အခွင့်အလမ်း မရှိခြင်းကြောင့် ဟန်ချက်မညီခြင်း ဆိုတာကတော့ ကျောင်းရှိသော်လည်း ကျောင်းနဲ့ ဝေးခြင်း၊ ခရီးလမ်း ခက်ခဲခြင်း၊ ကျောင်းရှိပြီး နီးသော်လည်း သွားလာရ ခက်ခဲခြင်းမျိုးပါ။ ကျောင်းရှိတဲ့ရွာနဲ့ နီးပေမယ့် မြစ်ကူး/ချောင်းခြားတာကို ဆိုတာပါ။ ဥပမာ ကျွန်တော်နေတဲ့ ညောင်ခြေထောက် တိုက်နယ်ထဲမှာ မငြိမ်းစု ဆိုတဲ့ ရွာလေးတစ်ရွာ ရှိပါတယ်။ အဲဒီရွာက မူလတန်းကျောင်းသူ/ကျောင်းသား (၃၀)ကျော်လောက်က မငြိမ်းစုရွာနဲ့ နီးတဲ့ လှေဆွဲမြောင်းရွာမှာ ကျောင်းတက်ကြရပါတယ်။ ရွာ (၂)ရွာဟာ နီးပေမယ့် ကြားထဲမှာ ကြောင်ပိန်ချောင်းက ခြားထားပါတယ်။ နှစ်ရွာလုံးကလည်း စစ်တောင်းမြစ်နံဘေးမှာ တည်ရှိကြတာပါ။

မိုးတွင်းကာလ မြစ်ရေကြီး၊ ချောင်းရေကြီးချိန် ရောက်ရင် မငြိမ်းစုရွာ က ကလေးတွေ ကျောင်းမတက်နိုင်ကြတော့ပါဘူး။ မိုးတွင်းကာလ ကျောင်းပိတ်ကြရတော့တာပါပဲ။ မိဘတွေကလည်း စာမတတ်ချင်နေပါစေ၊ တို့ကလေးတွေတော့ ရေနစ် အသေမခံနိုင်ဘူး ဆိုပြီးတော့ ကျောင်းကို မပို့ကြတော့ပါဘူး။ (၁)နှစ်၊ (၂)လလောက် ပညာသင်ခွင့် မရတဲ့ ကလေးတွေဟာ ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်၊ ကိုယ့်ကျောင်းသားနဲ့ ကိုယ့်ဆရာ ဆိုတော့ မူလတန်းတော့ အောင်ခဲ့ကြတာပါပဲ။ ဒါပေမဲ့ အလယ်တန်း ရောက်လာချိန်မှာ အခြေခံက ပါမလာတော့ ဉာဏ်ရည်မမှီသလိုဖြစ်ကာ သိမ်ငယ်ပြီးတော့ အလယ်တန်းနဲ့ ကျောင်းထွက်ကြရတာ များပါတယ်။ အထက်တန်းကျောင်းတောင် သိပ်ပြီး ရောက်မလာကြတော့ပါဘူး။ တကယ်လို့ အဲဒီရွာမှာ ကျောင်းလေး တစ်ကျောင်း ရှိခဲ့မယ်ဆိုရင် ဒီလိုဖြစ်မှာ မဟုတ်ပါဘူး။

ဒါကို ရွာက ငယ်လို့၊ ကျောင်းရှိတဲ့ရွာနဲ့ နီးလို့၊ ကျောင်းသားအင်အား သတ်မှတ်နှုန်း မပြည့်မှီလို့ ကျောင်းမပေးတော့ဘူးလား။ တိုင်းနဲ့ ပြည်နယ်အနှံ့ အများအပြားမှာ ဒီလိုရွာမျိုးတွေ ဘယ်နှစ်ရွာရှိနေမလဲဆိုတာ အလေးထား စဉ်းစားစရာပါ။ ဒါတွေဟာ တကယ့်ဟန်ချက် မညီမျှမှုတွေပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအပိုင်း၊ ပညာရေးနဲ့ပတ်သက်လို့ ပုဒ်မ ၂၈ တွင်

နိုင်ငံတော်သည် (က) ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်ရမည်။ (ခ) ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေ ပြဋ္ဌာန်း ဆောင်ရွက်ရမည်။ (ဂ) အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဆောင်ရွက်ရမည်။ (ဃ) ဘက်စုံအတွေးအခေါ် အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်လို့ ပါရှိသလို၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး နှင့် တာဝန်များအပိုင်း၊ ပုဒ်မ ၃၆၆ တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ (က) ပညာသင်ကြား ပိုင်ခွင့် ရှိရမည်။ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည် လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့် ပုဒ်မ ၂၈(ဂ)နဲ့ ပုဒ်မ ၃၆၆(က)၊ (ခ)တို့အရဆိုလျှင် မူလတန်းပညာ၊ အခြေခံပညာကို နိုင်ငံသားတိုင်း သင်ကြားပိုင်ခွင့်ဆိုတာ Compulsory ပါ။ မသင်မနေ ရပါ။ မသင်မနေရဆိုလျှင် နိုင်ငံသားတိုင်း သင်ယူခွင့် ရရှိနိုင်အောင် ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့အညီ ဖော်ဆောင်ပေးရမှာဟာ နိုင်ငံတော်အစိုးရရဲ့ တာဝန်လို့ ရိုးသားစွာ နားလည်ခံယူမိပါတယ်။

အဆိုရှင်ရဲ့ အဆိုအနေနဲ့လည်း အဆိုပါအကြောင်းအရာများနဲ့ ပတ်သက်လို့ လတ်တလော ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးပါလို့ တိုက်တွန်းထား တာကို မတွေ့ရှိရပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပညာရေးမျှော်မှန်းချက် ဖော်ဆောင်ရေးဖြစ်တဲ့ ဦးတည်ချက်(၅)ရပ်၊ လုပ်ငန်းစဉ်(၁၀)ရပ်တို့ဖြင့်သာ မဟာဗျူဟာ အရ မူဝါဒချမှတ်ပြီး စီမံချက်ဖြင့်သာ ဆောင်ရွက်ပေးစေလိုကြောင်း တွေ့ရှိရမှာ ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ လတ်တလော ဆောင်ရွက်ပေးပါရန် အကြံပြုလိုတာကတော့ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများအား အစိုးရ မူလတန်းကျောင်းများအဖြစ်သို့ အမြန်ဆုံး ပြောင်းလဲမြှင့်တင်သတ်မှတ်ပေးစေလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အဆိုရှင်ရဲ့ နိုင်ငံတစ်ဝန်းလုံး၌ ပညာရေးကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြားလေ့လာသင်ယူခွင့် အခွင့်အလမ်းများ ရရှိရေးအတွက် (က) ကျေးရွာတိုင်းတွင် အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်ပေးရေး၊ (ခ) ကျေးရွာအုပ်စုတိုင်းတွင် အခြေခံပညာအလယ်တန်းကျောင်း ဖွင့်လှစ်ပေးရေး၊ (ဂ) တိုက်နယ်အဆင့်တိုင်းတွင် အခြေခံပညာ အထက်တန်းကျောင်း သို့မဟုတ် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ဖွင့်လှစ်ပေးရေး၊ (ဃ) မြို့ပေါ်ရပ်ကွက်များတွင် အလယ်တန်း၊ အထက်တန်းကျောင်းများ ကျောင်းသားဦးရေပေါ် မူတည်၍ အချိုးကျ ဖွင့်လှစ်ပေးရေး၊ (င)မြို့နယ်ချင်းစပ်၊ နယ်ခြား၊ မြို့နယ်ခြားဒေသများတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ရေး အဆိုဟာ လက်ရှိ ပကတိအခြေအနေမှာတော့ ပြည်ထောင်စုအစိုးရ အနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ရန် များစွာ ခက်ခဲမယ်ဆိုတာကိုလည်း နားလည် သဘောပေါက်မိပါတယ်။ သို့သော်လည်းပဲ ပညာရေး မြှင့်တင်ရေးအတွက် အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ ဆောင်ရွက်ရမယ့်ကိစ္စဆိုတာကတော့ အမှန်ပါ။

သို့ဖြစ်ပါ၍ မဟာဗျူဟာအရ၊ မူဝါဒများချမှတ်ပြီး စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၀။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ပဲ ဖြစ်ပါတယ်။ ကြွရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများ အားလုံးကိုလည်း မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းမဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတစ်ဝန်းလုံး၌

ပညာရေးကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြား လေ့လာသင်ယူခွင့် အခွင့်အလမ်းများ ရရှိစေရေး အမျိုးသားရေးတာဝန် အဖြစ် ခံယူပြီး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ယခုလက်ရှိ နိုင်ငံတော်အစိုးရသစ်ရဲ့ ပညာရေးမူဝါဒများကို လေ့လာကြည့်တဲ့ အခါမှာ ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့် ရရှိစေရန်၊ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် မသင်မနေရ ပညာရေးစနစ်ကို အစပျိုး အကောင်အထည်ဖော်ရန်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန် ခိုင်မာပြီး ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း ရှိသည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာစေရန်၊ ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်သည့် ဘက်စုံပညာ ပြည့်ဝသူများ ပေါ်ထွန်းလာစေရန်၊ မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် လေ့လာသင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီ ရရှိပြီး အသက်မွေးဝမ်းကျောင်းပညာ အခြေခံဖြင့် ရွေးချယ်သင်ယူနိုင်စေရန်၊ အခြေခံ ကျောင်းများသည် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ပင်မဌာနများအဖြစ် ပေါ်ထွန်းလာစေရန် စတဲ့ အချက်တွေမှာ ဦးအောင်ငြိမ်း ရဲ့ အဆိုနဲ့ ကိုက်ညီတဲ့အချက်တွေ အတော်များများ တွေ့ရှိရပါတယ်။

နောက်တစ်ခါ ဦးအောင်ငြိမ်း ရဲ့ အဆိုကို လေ့လာကြည့်တဲ့အခါမှာ မြန်မာနိုင်ငံ တစ်ဝန်းလုံးနဲ့ ဟန်ချက်ညီစွာ တစ်ပြေးညီ သင်ကြားနိုင်ခွင့်လို့ အဓိက ဆိုထားပါတယ်။

ယခု ပညာရေးဝန်ကြီးဌာနရဲ့ ပညာရေးရည်မှန်းချက် (၅)ချက်နဲ့ လုပ်ငန်းစဉ်(၁၀)ချက် ကိုလည်း အဆိုရှင်က တင်ပြသွားပါတယ်။ အဲဒီအထဲက အမှတ်စဉ်(၂)မှာ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေး ဆိုတဲ့အချက်နဲ့ အမှတ်စဉ်(၈)မှာ မိဘပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး ဆိုတဲ့ အချက်ရယ်၊ အမှတ်စဉ်(၉)ဖြစ်တဲ့ ကျောင်းပြင်ပပညာရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး စတဲ့အချက်(၃)ချက်က အဆိုရှင်ရဲ့ အဆိုနဲ့ ကိုက်ညီနေပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကလေးသူငယ်အခွင့်အရေး အပိုဒ် (၂၈)မှာ မူလတန်းပညာ မသင်မနေရ အပါအဝင် တန်းတူပညာသင်ကြားခွင့်ကို ပြဆိုထားပါတယ်။ ဖွဲ့စည်းပုံ

အခြေခံဥပဒေ ပုဒ်မ ၂၈ နဲ့ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်း ပုဒ်မ ၃၆၆ မှာ ပြဋ္ဌာန်းထားတဲ့အချက်တွေကိုလည်း ကျွန်တော့်ရှေ့က ကိုယ်စားလှယ် ဦးမင်းဦး က တင်ပြသွားပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီအတိုင်းပဲ သဘောရှိပါတယ်လို့ တင်ပြလိုပါတယ်။

အဆိုရှင်ရဲ့ ယနေ့နိုင်ငံသားများရဲ့ အနာဂတ်ကလေးများ သင်ကြားသင်ယူနိုင်ခွင့် အခွင့်အလမ်းကို ပိုမိုရရှိစေလိုတဲ့ စေတနာနဲ့ တင်တဲ့ အဆိုဖြစ်ပြီး၊ အခြေခံဥပဒေနဲ့လည်း ကိုက်ညီသည်သာမက ပညာရေးရည်မှန်းချက် အကောင်အထည်ဖော်တဲ့ လုပ်ငန်းများနဲ့လည်း ကိုက်ညီနေပါတယ်။ အဆိုရဲ့ ရည်ရွယ်ချက်ဟာ ကောင်းမွန်ပြီး ပညာရေးဆိုင်ရာ စီမံကိန်းအတွက် စဥ်းစားသင့်တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

အခမဲ့ပညာသင်ကြားခွင့် ပေးထားရုံနဲ့ ကလေးသူငယ်တွေရဲ့ ပညာသင်ကြားခွင့်က တိုးတက်လာမှာတော့ မဟုတ်ပါဘူး။ တကယ့်တကယ်မှာ ရပ်ကွက်ကျေးရွာတွေအထိ ဆင်းပြီး ကျောင်းနေအရွယ်ကလေးဦးရေ စစ်တမ်းကောက်ယူခြင်းကိုလည်း သန်းခေါင်စာရင်းကောက်ယူခြင်းမှာ ထည့်သွင်းစဥ်းစားသင့်ပါတယ်။ ပညာသင်ကြားခွင့် ဆုံးရှုံးနေကြရတဲ့ ကလေးသူငယ်တွေအတွက် စီမံချက်တစ်ခု ချပြီး ဆောင်ရွက်သွားသင့်ပါတယ်။

ဒေသအချို့မှာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့်နဲ့ ကလေးသူငယ်တွေ ကျောင်းမနေနိုင် ဖြစ်နေကြရပါတယ်။ ပြည်နယ်ဒေသတွေက ရွာတွေမှာဆိုရင် တစ်ရွာနဲ့ တစ်ရွာ သွားလာရေး ခက်ခဲပြီး ကျောင်းမနေနိုင်တာမျိုးတွေ ရှိပါတယ်။ တချို့ဒေသတွေမှာက ကျောင်းနေအရွယ်ကလေး ကျောင်းမနေဘဲ လုပ်ငန်းခွင် ဝင်နေကြရပါတယ်။ ထင်ရှားတာက မြို့ကြီးက ဆိုင်တွေမှာ ကျောင်းမနေဘဲ အလုပ်လုပ်နေကြတဲ့ ကလေးတွေ တော်တော်များများ ရှိနေတာကို ခရီးသွားလာရင်းနဲ့ ကိုယ်စားလှယ်တွေလည်း သတိပြုမိနေကြမှာပါ။ ဒါတွေကို စစ်တမ်းထုတ်ကြရမှာ ဖြစ်ပါတယ်။

အဆိုရှင်ရဲ့ ကျေးရွာတိုင်းတွင် အခြေခံပညာ မူလတန်းကျောင်း ဖွင့်လှစ်ပေးရေး၊ ကျေးရွာအုပ်စုတိုင်းတွင် အခြေခံပညာ အလယ်တန်းကျောင်း ဖွင့်လှစ်ပေးရေး၊ တိုက်နယ်အဆင့်တိုင်းတွင် အခြေခံပညာ အထက်တန်းကျောင်း သို့မဟုတ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ပေးရေး၊ မြို့ပေါ်ရပ်ကွက်တွေမှာ အလယ်တန်း၊

အထက်တန်းကျောင်းတွေ ကျောင်းသားဦးရေပေါ် မူတည်ပြီး အချိုးကျ ဖွင့်လှစ်ပေးရေး၊ မြို့နယ်ချင်းစပ်၊ မြို့နယ်ခြားဒေသတွေမှာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) ဖွင့်လှစ်ပေးရေးဆိုတဲ့ မူဟာ လတ်တလောမှာ ဖြစ်တန်စွမ်း နည်းနေမယ်လို့တော့ မြင်ပါတယ်။ သို့သော်လည်းပဲ အဆိုမှာ အမျိုးသားရေးတာဝန် တစ်ရပ်လို့ ပါပြီး ဒါကို ဖြစ်နိုင်တဲ့ ဘောင်အတွင်းက စဉ်းစားပြီး မူဝါဒချ လုပ်ဆောင်သွားမှသာ ဖြစ်နိုင်ခြေ ရှိပါတယ်။ ဒေသအလိုက်၊ တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက် တိုးသာ၊ ဆုတ်သာ အနေနဲ့ စီမံသွားနိုင်မယ့် အစီအစဉ်တွေကိုလည်း ပညာရေးဌာနအနေနဲ့ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းရင်းသားပြည်နယ်တွေမှာ အထူးသဖြင့် သွားရလာရ ခက်တဲ့ တောင်ပေါ်ဒေသတွေ ဖြစ်ပြီးတော့ အစိုးရက ကျောင်းမပေးနိုင်သေးလို့ ကိုယ့်အားကိုယ်ကိုး ကျောင်းလေးတွေ ဆောက်ပြီးတော့ ကိုယ့်ဖာသာကိုယ် ဆရာငှားသင်နေရတဲ့ ကျောင်းတွေ အများကြီးပဲ ရှိနေပါတယ်။ တကယ်လို့သာ အဆိုရှင်ရဲ့ အဆိုအတိုင်း အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ကျွန်တော်တို့ တောင်ပေါ်တိုင်းရင်းသားတွေကတော့ ဝမ်းသာဝမ်းမြောက်ကြမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းသားဦးရေမပြည့်တဲ့အတွက် ကျောင်းလျှောက်သော်လည်း မရတဲ့နေရာတွေအပြင် ကိုယ်ဘာသာ ကျောင်းဆောက်ပြီးကာမှ ကျောင်းသားအင်အား မပြည့်လို့ အစိုးရခန့်ဆရာ မရတာနဲ့ ကိုယ့်အားကိုယ်ကိုးပြီး ဆရာရှာ သင်ပြန်တော့လည်း အတော့်ကို အခက်အခဲတွေ ရှိနေကြတာ တွေ့ပါတယ်။

အဲဒီလို ဆရာမရှိလို့ ကျောင်းကြီးဆောက်ပြီး စာမသင် ဖြစ်တဲ့ ကိုယ်ထူကိုယ်ထ ကျောင်းတွေ သင်သော်လည်း ထိထိရောက်ရောက် မရှိကြရရှာတဲ့ ကိုယ်ထူကိုယ်ထ ကျောင်း တွေ တောင်ပေါ်တိုင်းရင်းသားဒေသမှာ များစွာရှိနေကြတယ်။ ဒါတွေကို စစ်တမ်းကောက်ပြီး မူဝါဒတစ်ခုချပြီး ဖြေရှင်းပေးသင့်ပါတယ်။ နောက်တစ်ခုက ဟန်ချက်ညီစွာ တစ်ပြေးညီ ဆိုတဲ့နေရာမှာ မြန်မာစကားမပေါက်တဲ့ နေရာဒေသတွေမှာ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘာသာ စကားတတ်တဲ့၊ ကိုယ့်ဘာသာ စာသင်တတ်တဲ့ ဆရာတွေကို ရှာငှားပြီး ပညာသင်ယူနေကြတဲ့ကျေးလက်ရွာတွေမှာ ကျွန်တော်တို့ ပြည်နယ်မှာ အများကြီး

ရှိပါတယ်။ တခြားဘာသာကို မတတ်ရင်တောင်မှ ကိုယ့်ဘာသာစကား၊ ကိုယ့်စာလေးနဲ့ စာရေးတတ်၊ ဖတ်တတ်၊ မှတ်တတ်ပြီး အခြေခံအတွက် အချက်လေး တတ်လို့ အလုပ်ဖြစ်နေတဲ့ ကလေးတွေလည်း ရှိပါတယ်။

ဒါကြောင့်လည်း ဒါတွေကို အခုပညာရေးဝန်ကြီးက ဒီအချက်တွေကို ထည့်သွင်းစဉ်းစားပြီး တိုင်းရင်းသားစာပေနဲ့ သင်ကြား နိုင်အောင် စီစဉ်ပေးနေတာကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်လို့ ပြောချင်ပါတယ်။ ပညာရေး ဝန်ကြီးဌာနက ပညာရေးမူဝါဒ ချပေးပြီး ကျန်တဲ့ သင်ကြားမှုအပိုင်းကိုတော့ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်သင်နည်း သင်ဟန်တွေနဲ့ သင်ကြားနိုင်ခွင့်ရှိမှုကိုတော့ ခွင့်ပြုပေးသင့်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ လိုချင်တဲ့ ဟန်ချက်ညီတဲ့ တစ်ပြေးညီ သင်ယူနိုင်ခွင့်တွေမှာ အထောက်အကူ ရကြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ဘယ်လိုကျေးရွာအဆင့်တွေမှာ ဘယ်လိုအဆင့် ကျောင်းတွေရှိရမယ်ဆိုတာ လတ်တလောမှာ မဖြစ်နိုင်သေးပေမယ့် ဒေသအလိုက်၊ တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက် စီမံခန့်ခွဲနိုင်တဲ့ အစီအစဉ်ကို ရေရှည်အတွက် စဉ်းစားထားသင့်ပါတယ်။ အဆိုခေါင်းစဉ်ရဲ့ အဓိပ္ပာယ် အနှစ်သာရသည် လက်ရှိပညာရေး မူဝါဒများ၊ နိုင်ငံတော်ရဲ့ မျှော်မှန်းချက်များနဲ့ ကိုက်ညီမှုရှိပြီး ကျွန်တော်တို့ ပြည်ထောင်စုနိုင်ငံ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအတွက် ထည့်သွင်းစဉ်းစားသင့်တဲ့ အဆို ဖြစ်ပါကြောင်းနှင့် ကျွန်တော်တို့ တိုင်းရင်းသားပြည်နယ်ဒေသမှာရှိကြတဲ့ တိုင်းရင်းသားကလေးငယ်တွေရဲ့ ပညာသင်ယူနိုင်မှု အခွင့်အလမ်းကို အထောက်အကူပြုစေမယ့် ဦးအောင်ငြိမ်း ရဲ့ အဆိုကို အမျိုးသားစီမံကိန်းတွင် ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အဆိုရှင်၏ အဆိုပါ ရည်ရွယ်ချက်များကို ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၈။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံးကို ကျွန်တော် ဦးခင်မောင် လွှတ်တော်ကိုယ်စားလှယ်က ဒီနေရာကနေပြီးတော့ ဂါရ၀ပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ဒီကနေ့ ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး အဆိုတင်သွင်းထားတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတစ်ဝန်းလုံး၌ ပညာရေးကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြား လေ့လာသင်ကြားခွင့် အခွင့်အလမ်းများ ရရှိစေရေး အမျိုးသားတာဝန်တစ်ရပ် အဖြစ်ခံယူပြီး ဆောင်ရွက်ပေး နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်က အလေးအနက် ထောက်ခံရင်းနဲ့ ဆွေးနွေးပါမယ်။

ကိုယ်စားလှယ်တော်တော်များက ဆွေးနွေးသွားကြတဲ့ဥစ္စာဟာ တော်တော်ပြည့်စုံ သွားပါပြီ။ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်ရဲ့ အမြင်လေးနဲ့ နည်းနည်းဖြည့်စွက် ပြီးတော့ ထောက်ခံ ဆွေးနွေးချင်ပါတယ်။ အဆိုရှင်တင်သွင်းထားတဲ့ အချက်အလက် များဟာ ကန့်ကွက်စရာမရှိ အကုန်လုံး ပြည့်စုံပါတယ်။ ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြားခွင့်လို့ ဆိုလာတဲ့အတွက် ဟန်ချက်မညီ ဖြစ်နေလို့ ဒီအဆိုကို တင်ရတာ ဆိုတာ ရှင်းနေပါတယ်။ ဖွဲ့စည်းပုံမှာ အခြေခံမူများအရ ခုနက ကိုယ်စားလှယ်တော် များလည်း တင်ပြပြီးလည်းဖြစ်ပါတယ်။ ပုဒ်မ ၆၊ ပုဒ်မ ၂၂၊ ပုဒ်မ ၃၄၉ များမှာ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ တာဝန်များနဲ့ ညီမျှသော တန်းတူ အခွင့်အရေးများ ရရှိဖို့ ပြဋ္ဌာန်းထားပါတယ်။ ဒီကနေ့ ဒီမိုကရေစီခေတ်မှာ တန်းတူ အခွင့်အရေးတွေ အာမခံထားတဲ့ခေတ်မှာ မညီမျှမှုတွေ မရှိသင့်တော့ပါဘူး။

မြန်မာနိုင်ငံဟာ အဓိကအားဖြင့် လူမျိုးစုတွေနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံ ဖြစ်ပါ တယ်။ လူမျိုးရေးရာ ပဋိပက္ခများ ပြေပြစ်ရေးအတွက် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ လူမှုရေး လိုအပ်ချက်၊ ယဥ်ကျေးမှု လိုအပ်ချက်များကို အလေးဂရုပြုပြီးတော့ ဖြည့်ဆည်းပေးရပါမယ်။ တိုင်းရင်းသားတွေ၊ တိုင်းရင်းသား

လူမျိုးစုတို့ရဲ့ ယဉ်ကျေးမှု၊ ပညာရေးနှင့် ဘာသာရေး လွတ်လပ်ခွင့် အပါအဝင် ပြည်သူ့အခွင့်အရေးတွေကို အာမခံချက် ပေးနိုင်မှသာလျှင် မျှတတဲ့၊ ပြည့်ဝတဲ့ ငြိမ်းချမ်းရေး ဖြစ်နိုင်မှာ ဖြစ်ပါတယ်။ အခြေခံလိုအပ်ချက်များ လုံလုံလောက်လောက် ပြည့်ပြည့်စုံစုံ ရယူပိုင်ခွင့် (The Right to Sensation of Basic Needs) မှာလည်းပဲ ပညာသင်ကြားမှု ရရှိရေးဟာ အခွင့်အရေး တစ်ရပ်အနေနဲ့ပါဝင် နေပါတယ်။

မြန်မာနိုင်ငံဟာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကြိုးပမ်းနေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်နေတဲ့အချိန်မှာ ပညာရေးနိမ့်ကျ နေလို့ရှိရင် ဆင်းရဲနွမ်းပါးမှုဟာ ပိုပြီးတော့ မြင့်မားလာမှာ ဖြစ်ပါတယ်။ ပညာရေး အခြေခံဝန် ဆောင်မှုကို လက်လှမ်းမမီမှု ပြည့်စုံ လုံလောက်မှု မရှိမှုတို့ကို နိုင်ငံတော်က ထိထိရောက်ရောက် ကူညီပံ့ပိုးနိုင်ရပါမယ်။ နမူနာအနေနဲ့ ကျွန်တော်ပြောပြရရင် ကျွန်တော်တို့ ရခိုင်ပြည်နယ်ကိုပဲ နမူနာပေးရပါမယ်။ M.N.D.B.D, UNICEF, SEDA တို့ရဲ့ ပူးပေါင်းဆောင်ရွက်ချက်ထားတဲ့ ၂၀၀၉-၂၀၁၀ ထောင်စုနှစ်၊ ဖွံ့ဖြိုးမှု အစီရင်ခံစာမှာ တိုင်းနဲ့ပြည်နယ်အားလုံးရဲ့ မူလတန်းပညာရေး အသားတင်ကျောင်းဝင်ခွင့်တွေကို ကြည့်လိုက်လို့ရှိရင် မြန်မာတစ်ပြည်လုံးမှာ ၂၀၀၅ ခုနှစ် ကနေ ၂၀၁၀ ထိ(၈၄.၇)ရာခိုင်နှုန်းမှ (၈၇.၇)ရာခိုင်နှုန်းအထိ တိုးလာပေမယ်လို့ ရခိုင်ပြည်နယ်မှာတော့ (၇၁)ရာခိုင်နှုန်းပဲ တိုင်းနဲ့ပြည်နယ်အားလုံးရဲ့ အောက်ဆုံးအဆင့် မှာ ရှိနေတုန်းပဲ ဖြစ်ပါတယ်။

ထို့အတူပဲ အမျိုးသား စာတတ်မြောက်မှု နှုန်းမှာလည်းပဲ ရှမ်း(အရှေ့)နဲ့ မတိမ်းမယိမ်းဘဲ အောက်ဆုံး မှာပဲ ရှိနေဆဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်တွေမှာ ဥပမိရုပ်မကောင်းတဲ့ ကျောင်းတွေ၊ ဆရာ/ဆရာမ မလုံလောက်တဲ့ ကျောင်းတွေ၊ အခက်အခဲ ရှိနေတဲ့ ကျောင်းတွေ အကြောင်းကို လွှတ်တော်မှာ မေးခွန်းပဲ တောင်းဆို နေရင်တော့ ဘယ်တော့မှ မဆုံးပါဘူး။ ဒါကြောင့်မို့လို့ ဒီလို သေးငယ်တဲ့ကိစ္စရပ် ကလေးတွေကို ပြည်နယ်နဲ့တိုင်းမှာပဲ ဆုံးဖြတ်လုပ်ကိုင်နိုင်ရင် အင်မတန်ကောင်းမှာပဲ လို့ တွေးမိပါတယ်။ လုပ်ပိုင်ခွင့် ပြုပေးနိုင်ရင် ကျွန်တော်တို့ ဝမ်းသာအားရ ဖြစ်ရမှာပါ။

ပြည်သူ့ကိုယ်စားလှယ်တော်ကြီးတွေရဲ့ ဆုံးဖြတ်ချက်၊ ခွင့်ပြုချက်နဲ့ ဒေသ ဖွံ့ဖြိုးရေးငွေတွေချပေးနိုင်တဲ့ စနစ်တစ်ခုကို အိန္ဒိယမှာ သွားတုန်းက အိန္ဒိယပါလီမန်

သင်တန်းမှာ ကျွန်တော်တို့ သင်ကြားခဲ့ရပါတယ်။ ကိုယ်စားလှယ်တော်တွေဟာ တစ်နှစ်အတွင်း သုံးစွဲပိုင်ခွင့် ဘယ်လောက်ဆိုတာ ပေးထား ပြီးတော့ သူ့ရဲ့ ခွင့်ပြုချက်နဲ့ ပြည်နယ်အုပ်ချုပ်ရေးပိုင်းကနေပြီးတော့ ဒေသမှာလိုအပ်တဲ့ အစီအမံတွေကို လုပ်ပေးခဲ့တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အားရစရာ အင်မတန်လည်း ကောင်းပါတယ်။ ကျွန်တော်တို့ နမူနာယူစရာကောင်းပါတယ်။

နောက်တစ်ချက်ကတော့ နမူနာတစ်ခုပဲ ပေးပါမယ်။ ကျွန်တော်တို့ ရန်ကုန်မြို့ တစ်ခုတည်းပဲ ကြည့်ပါ။ ကျောင်းတွေမှာ အစိုးရကျောင်း အချင်းချင်း အတူတူပဲ ရှိတာတောင်မှ ဒဂုံ(၁)မှ၊ လသာ(၂)မှ ကျောင်းဆိုပြီးတော့ အလုအယက်တက်ကြရတာ၊ အဲဒီ ကျောင်းတက်မှ ဂုဏ် ထူးတွေရမယ်ဆိုပြီးတော့ ယုံကြည်နေကြတဲ့ အယူအဆတွေကို ကျွန်တော်တို့ ဘဝင်ကျစရာ မကောင်းပါဘူး။ အမှားအယွင်း တစ်ခုခု ရှိနေပါပြီ။

အဲဒီလိုပဲ ပြည်နယ်တွေမှာလည်းပဲ ဘယ်ကျောင်းမှ၊ ဘယ်ကျောင်းတက်ရမှ ဂုဏ်ရှိတယ်။ ဘယ်ကျောင်းထွက်မှ ဂုဏ်ရှိတယ်။ အဆင့် မြင့်တယ်ဆိုတဲ့ အယူအဆတွေ ရှိနေတုန်း ဖြစ်ပါတယ်။ ကျောင်းတွေသာ အရေးကြီးတာ မဟုတ်ပါဘူး။ အရည်အချင်းမီတဲ့ အသင်အပြကောင်းတဲ့ ဆရာတွေကိုလည်း ကျွန်တော်တို့ မွေးထုတ်ရမှာ ဖြစ်ပါတယ်။ ဆရာတွေကောင်းမှ တပည့်တွေ ကောင်းမှာဖြစ်ပါတယ်။ တိုင်းနဲ့ ပြည်နယ် မခွဲခြားဘဲ ဆရာကောင်းတွေ ထားပေးရပါမယ်။ အဲဒါမှသာလျှင် ထွက်လာတဲ့ Product ဟာ ကျောင်းသားတွေဟာ အရည်အချင်းရှိတဲ့ ကျောင်းသားတွေ ဖြစ်လာမှာ ဖြစ်ပါတယ်။ ရိုးရိုးသားသားနဲ့ ကျွန်တော်ပြောပြမယ်ဆိုလို့ရှိရင် အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်း မခွဲခြားဘဲနဲ့ ပညာရေးကဏ္ဍမှာ အကုန်လုံးကို ပြိုင်တူမြှင့်တင်ပေးဖို့ လုပ်နိုင်မှသာလျှင် တစ်ပြည်လုံး ဟန်ချက် ညီလာမယ်လို့ ယုံကြည်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဖြစ်ကတော့ နေမကောင်းဖြစ်နေတဲ့ သား/ သမီးကို ဆေးဘိုးဝါးခ မတတ်နိုင်လို့ ဒီအတိုင်းလက်ပိုက်ကြည့်နေရတဲ့ မိဘတွေလို ဖြစ်နေပါတယ်။ ကျန်းမာရေး နိမ့်ကျနေတဲ့ ပညာရေးစနစ်ကို ဘယ်လိုမြှင့်တင်ကြမလဲ ကျွန်တော်တို့၊ ပညာရေးမှာ ဒီထက်မက ပိုမိုပြီးသုံးစွဲနိုင်မှ အစိုးရမှာ မလိုအပ်ဘဲ ဝန်ထုပ်ဝန်ပိုး ဖြစ်နေတဲ့ ကဏ္ဍတွေကို၊ စရိတ်တွေကို လျှော့ချပြီးတော့ ပညာရေးမှာ

သုံးစွဲနိုင်လို့ရှိရင် နတ်၊ လူ သာဓု ခေါ်စရာ ဖြစ်မှာပါ။ အစိုးရ မတတ်နိုင်တဲ့ နေရာတွေမှာ NGO, INGO အဖွဲ့အစည်းတွေကလည်းပဲ ဝင်ရောက်ကူညီနေတာကို နေရာ အနှံ့အပြား တွေ့နေရပါတယ်။

ဒီပညာရေးမှာ ပူးပေါင်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတချို့ကတော့ အစိုးရကို တစ်တပ်တစ်အား ကူညီတဲ့ သဘောနဲ့ အစိုးရ မတတ်နိုင်တဲ့ နေရာတွေမှာ၊ မရောက်နိုင်တဲ့ နေရာတွေမှာ၊ ရွှေ့ပြောင်းပညာရေးလုပ်ပြီးတော့ ကူညီနိုင်ပါတယ်လို့ ပြောဆိုနေကြပါတယ်။ ဒါ စဉ်းစားစရာ ဖြစ်ပါတယ်။ ဘ.က ပညာရေးကျောင်းတွေ၊ ပညာဒါန ကျောင်းတွေ ဟာလည်းပဲ ဒီလိုမျိုး ဟာကွက်ကလေးတွေကို နိုင်ငံတော်က မတတ်နိုင်တဲ့ အချက်အလက်တွေကို သူတို့က တစ်ဖက်တစ်အားကနေ ဝင်ရောက် ဖြည့်ဆည်းနေတာကို အားရပါးရ တွေ့ရပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်အစိုးရကနေပြီးတော့ အသိအမှတ်ပြုပြီးတော့ ငွေရေး၊ ကြေးရေးနဲ့ အခြားပံ့ပိုးမှုတွေကို တစ်တပ်တစ်အားနဲ့ လုပ်ပေးဖို့ လိုအပ်ပါတယ်။ လုပ်ပိုင်ခွင့် နဲ့ တာဝန်ယူမှုတွေဟာ တစ်ပြိုင်တည်း ရှိနေရမှာပါ။ ပုံမှန်စစ်ဆေးရေးအဖွဲ့ တွေကိုလည်း ဖွဲ့စည်းပြီးတော့ ပညာရေးစနစ်ဟာ ပုံမှန်သွားနေရဲ့လား။ ကျောင်းတွေဟာ ပုံမှန်အနေအထားရှိရဲ့လား။ အသင်အပြရော၊ ကျောင်းသားတွေ ကျန်းမာရေး အခြေအနေ၊ ကျောင်းအခြေအနေအားလုံးကို စစ်ဆေးတဲ့ စစ်ဆေးရေး အဖွဲ့တွေ၊ နောက်ပြီးတော့ ဆရာ၊ မိဘ၊ ကျောင်းသား သုံးပွင့်ဆိုင် ဆွေးနွေးပွဲတွေကို အခါအားလျော်စွာ ပုံမှန်လုပ်ပေးလို့ ရှိရင်ဖြင့် ဒီပညာရေးစနစ်ဟာ မကောင်းပဲ မနေနိုင်ပါဘူး ခင်ဗျား။ စေတနာ ပလပ္ပ အပြည့်အဝနှင့် နိုင်ငံတော်မှာ ပညာရေးကောင်းမွန်လိုတဲ့ စေတနာနဲ့ အဆို တင်သွင်းတဲ့ ဆရာဦးအောင်ငြိမ်း ကိုလည်းပဲ ဒီနေရာက ကျွန်တော်ကျေးဇူးတင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၆။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစား အပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များတို့ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော် ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း မှ တင်သွင်းသော ပြည်ထောင်စု မြန်မာနိုင်ငံတော် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပညာရေးကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြားလေ့လာသင်ယူခွင့် အခွင့်အလမ်းများရရှိရေး အမျိုးသားရေး တာဝန်အဖြစ် ခံယူပြီး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရကို တိုက်တွန်းပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားပါမယ်။ ကျွန်တော့်အား ဖတ်ကြားခွင့်ပြုရန်နှင့် နေရာအချို့ အင်္ဂလိပ်စကား အသုံးပြုခွင့် ပြုရန် ခွင့်ပန်အပ်ပါတယ်။

နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးတယ်ဆိုတာ တစ်နိုင်ငံလုံး အညီအမျှ တိုးတက်ဖွံ့ဖြိုးမှ တစ်နိုင်ငံလုံးမှာ ပြည်သူများ အညီအမျှ အကျိုးခံစားခွင့်ရမယ်။ တစ်နိုင်ငံလုံး တိုးတက်တယ်လို့ ဆိုရမှာ၊ ကွက်ကြား၊ ကွက်ကြားတိုးတက်တာဟာ အထက်ပိုင်း အလွှာပဲ တိုးတက်ပြီးတော့၊ အောက်ပိုင်းအလွှာမှာ မတိုးတက်ဘူးဆိုတာဟာ ပြည်သူတွေအားလုံး ညီမျှတဲ့ အကျိုးခံစားခွင့်လည်း မရရှိဘူး။ တစ်နိုင်ငံလုံး တိုးတက်တယ်လို့လည်း မဆိုနိုင်ပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ရေးဟာ ပညာရေးကဏ္ဍအပေါ်မှာ အများကြီး မှီတည်နေတယ်။ ပညာရေးကဏ္ဍဟာ လူ့စွမ်းအား အရင်းအမြစ်ကို အဓိက မွေးထုတ်ပေးတဲ့ ကဏ္ဍဖြစ်ပါတယ်။ အချို့နိုင်ငံတွေမှာဆိုရင် သယံဇာတပစ္စည်း ဘာမှ မထွက်ဘူး။ ဒါပေမဲ့ သူတို့ နိုင်ငံတွေက တိုးတက်နေတာကို တွေ့ရတယ်။ အဲဒါဘာလဲဆိုတော့ သူတို့ နိုင်ငံသားတွေဟာ ပညာအရည်အချင်း၊ အတတ်ပညာအရည်အချင်း ပြည့်ဝတဲ့ လူ့အရင်းအမြစ်ကောင်းများ အပြည့် အဝရှိလို့ ဖြစ်ပါတယ်။

ဒါကြောင့် အဆိုမှာပါရှိတဲ့ နိုင်ငံတစ်ဝန်းလုံး၌ ပညာရေးကဏ္ဍတွင် ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြား လေ့လာသင်ယူခွင့် အခွင့်အလမ်း များ ရရှိရေးဟာ အလွန် အရေးကြီးပါတယ်။ အလွန် မှန်ကန်ပါတယ်။ အဆိုရှင် တင်ပြတဲ့ အပိုဒ်(၃)မှာ တိုင်းရင်းသား အားလုံး ဟန်ချက်ညီညာစွာ၊ ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြား လေ့လာသင်ယူခွင့် အခွင့်အလမ်းများ ရရှိရေးကို ပြည်ထောင်စုအစိုးရ အနေဖြင့် ဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်ဟု ပါရှိတယ်။ ဒါလည်း အလွန်မှန်ကန်ပါတယ်။ အလွန် အရေးကြီးပါတယ်။ တိုင်းရင်းသားများ မတိုးတက်ပါက တစ်နိုင်ငံလုံး တိုးတက်ဖွံ့ဖြိုးတယ်လို့ မဖြစ်လာနိုင်ပါဘူး။ ဒီအချက်ဟာ တိုက်ဆိုင်လို့ ကျွန်တော် နည်းနည်း တင်ပြမယ်။

အိန္ဒိယပြည် လွှတ်တော် လေ့လာရေးအတွက် ဥက္ကဋ္ဌကြီးရဲ့ စီစဉ်မှုနဲ့ ယခုအဆို တင်သွင်းသူနဲ့ ကျွန်တော်အတူ ရောက်သွားပါတယ်။ လေ့လာခွင့် ရခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မှုအတိုင်းလည်း ကျွန်တော် လေ့လာခဲ့တာ ရှိပါတယ်။ အိန္ဒိယပြည်မှာ ဟောပြော ပို့ချတဲ့အပြင်၊ ကျွန်တော် သိချင်တာတွေ အများကြီးမေးခဲ့တယ်။ အများကြီး ဆွေးနွေးခဲ့ တယ်။ တိုင်းရင်းသားများရဲ့ ဘာသာစကား၊ စာပေအကြောင်း၊ သင်ကြားရေး အကြောင်း၊ ဒါလည်း ကျွန်တော် ဆွေးနွေးမေးမြန်းခဲ့တယ်။ သူတို့နိုင်ငံမှာ တကယ့် ရုံးသုံးဘာသာ စကားကြီး (၂၂)မျိုး ရှိတယ်။ ပြည်နယ်တွေမှာ ဒေသအလိုက် အသိအမှတ် ပြုထားတဲ့ ဘာသာစကားတွေ ရှိသေးတယ်။ လွှတ်တော်မှာ Comission of Parliamentary Comission of Parliamentary, on Official Languages ကို ဖွဲ့ထားတယ်။ အထက်လွှတ်တော်မှ(၁၀)ယောက်၊ အောက်လွှတ်တော်မှ ကိုယ်စားလှယ် အယောက်(၂၀)၊ ဘာသာစကား အမျိုး(၂၀)ကို ဘာသာစကားတစ်ခုစီကို ကိုယ်စားပြုတဲ့ လွှတ်တော် ကိုယ်စားလှယ်နဲ့ ဖွဲ့စည်းထားတယ်။

ပြည်နယ်အဆင့်မှာ ဘာသာစာပေကို လူမျိုးစုအလိုက် ထပ်မံပြီးတော့ ပြည်နယ် အစိုးရက တာဝန်ယူပေးရသေးတယ်။ ပြည်နယ်တွေမှာ၊ ကျောင်းတွေမှာ (၂)ဘာသာသင်၊ (၃)ဘာသာသင်၊(၂)ဘာသာသင် (bi- Languages)၊ (၃)ဘာသာသင် (Tri-Languages) ရှိကြတယ်။ တိုင်းရင်းသားတွေမှာ အခြေခံ၊ နောက်ကျွန်တော်တို့ နိုင်ငံမှာ ခုနတုန်းက

ဒါအိန္ဒိယပြည်ကို ကျွန်တော် တွေ့ရှိရတဲ့အချက်၊ နောက် ကျွန်တော်တို့ နိုင်ငံမှာ လေ့လာထားတဲ့အချက်တွေက တိုင်းရင်းသား ကလေးတွေကို အခြေခံပညာကို ကလေးဘဝမှာ မိခင်ဘာသာနဲ့ အစပျိုးသင်ကြားရတာ အကျိုးပိုများတယ်လို့ တွေ့ရှိရတယ်။ ဘာကြောင့်လဲဆိုတော့ မိခင်ဘာသာကို အခြေခံပြီးတော့ သင်ကြားပေးတဲ့အတွက်ကြောင့် ကလေးတွေက ပိုနားလည်တယ်၊ ပိုတတ်တယ်၊ ပိုတတ်လွယ်တယ်။ အသိဉာဏ်ပညာကို ပေးရာမှာ ပိုပြီးတော့ ထိရောက်တယ်။

အဲဒီတော့ ကျွန်တော်တို့က ပညာသင်ကြားပေးတဲ့နေရာမှာ အဲဒီလို ကျွန်တော်တို့ လုပ်ပေးမှ တိုင်းရင်းသားတွေအတွက် ပညာဗဟုသုတ ပိုပြီးတော့ရမယ်။ ပညာပိုပြီးတော့ တတ်မယ်။ တစ်ပြေးညီ၊ တစ်နိုင်ငံလုံး ဖြစ်လာနိုင်တဲ့ အလားအလာ ရှိတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံမှာ အတွေးအခေါ်၊ အမြင်မှားယွင်းနေတာ၊ မမှန်တာလည်း ရှိတယ်။ နောက်ပြီးတော့ သုတေသန မလုပ်ရတာလည်း ရှိတယ်။ ကျန်းမာရေးဘက်အပိုင်းမှာလည်း မှားတာ အများကြီး ရှိတယ်။ ပညာရေးအပိုင်းမှာလည်း မှားတဲ့ အယူအဆ အမြင်တွေရှိတယ်။ ဒီ တိုင်းရင်းသားတွေ ဘာသာစကား (၂)မျိုး၊ (၃)မျိုးသင်ရတယ်ဆိုတာ ကလေးတွေ ဒုက္ခရောက်မယ်။ ကလေးတွေ မလိုက်နိုင်ဘူး။ အဲဒီလိုပြောတယ်။ နောက် ကျွန်တော်တို့ လက်တွေ့အရ အဲဒါ မမှန်ဘူး။

နောက်ပြီးတော့ နောက်ဆုံးပေါ် နိုင်ငံတကာမှာ နိုင်ငံခြားမှာလုပ်တဲ့ သုတေသန အရလည်း အဲဒါ မမှန်ဘူး။ လက်တွေ့အရ ပြောမယ်ဆိုရင် ကျွန်တော် မွေးတုန်းက ဗမာစကား မတတ်ဘူး။ ကျောင်းနေတော့ ဗမာစကားတတ်လာတယ်။ နောက်ပြီးတော့ ဗမာစာတတ်လာတယ်။ နောက်ပြီး တော့ အလယ်တန်းရောက်တော့၊ (၅)တန်းရောက်တော့ ဆရာက အင်္ဂလိပ်စာ သင်ပေးတယ်။ သူများတတ်သလောက် တတ်တာပဲ။ နောက် ကိုယ့်ရဲ့ ကြိုးစားမှုက သူများထက် ပိုများလို့လား၊ သူများထက်ပိုတော်တယ်။ နောက်ပြီးတော့ ကျွန်တော်နည်းနည်းကြီးလာတဲ့ အခါမှ ဒါ ကလေးဘဝ (၃)ဘာသာတော့ ကောင်းကောင်း ရတယ်။ နည်းနည်းကြီးလာတဲ့အခါကျတော့ တစ်ခြားဘာသာတွေ ထပ်လေ့လာတယ်။ ဒါလည်း ထပ်ရတယ်။ အဲဒီတော့ လူ တစ်ယောက်ဟာ ကလေးဘဝမှာ ဆိုရင် တကယ်မှာ ဆိုရင် ဘာသာစကားဆိုတာ စာကျက်သလို သိပ်မဟုတ်ဘူး။ ကျွန်တော် အခုလက်တွေ့၊

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာတွေ့တာ ကလေးတစ်ယောက် (၃)ဘာသာ၊ (၄)ဘာသာတတ်တာ အသက်(၃)(၄)(၅)နှစ်ဆိုရင် ဒီလောက်တတ်နေပြီ။

ဒီ Language နဲ့ ပတ်သက်ပြီးတော့ (Speaking Language) နဲ့ ပတ်သက်ပြီးတော့ ဒီ ကလေးတွေဟာ Automitic ခေါင်းထဲကို ဝင်လွယ်တယ်။ ဒါ သဘာဝပါ။ ကျွန်တော်တွေ့ရတာ၊ ကျွန်တော့် ကလေးပဲ၊ မွန်စကား တစ်မျိုးပဲ တတ်တယ်။ အိမ်မှာ မွန်လိုပဲ ပြော၊ ကျောင်းတက်တာနဲ့ (၃)လဆိုရင် ဗမာစကားတတ်ပြီ၊ သူတို့အချင်းချင်း ကစားရင်းတတ်ပြီ၊ ဗမာမဟုတ်လို့ အခြားကျောင်းပဲ ပို့ပို့ ကလေးတွေဟာ၊ (၃)လဆိုရင် ဒါသူတတ်သွားပြီ၊ အဲဒီတော့ အခုလက်ရှိ ဆိုပါတော့ ကျွန်တော်တို့ ဘုရားသုံးဆူ ကကလေးဆိုရင် ကျွန်တော့်ကလေးကအစ အသက်(၃)နှစ်၊ (၃)ဘာသာ စကားပြောလို့ရပြီ၊ အံ့ဩဖို့ မဟုတ်ဘူး။ ဒါဟာ ကလေးတွေရဲ့ သဘာဝ၊ အဲဒီတော့ ဒီ (၃)ဘာသာ သင်ကြားရတယ်။ (၂)ဘာသာ သင်ကြားရတယ်ဆို ကမ္ဘာက သုတေသနအချို့က ဘာပြောလဲဆိုတော့ သူတို့ရဲ့ အဖြေက (၂)ဘာသာ Language (၂)ဘာသာ၊ ဘာသာစကား (၂)ဘာသာ သင်တဲ့ကလေး၊ တတ်တဲ့ကလေးဟာ (၁)ဘာသာပဲတတ်တဲ့၊ (၁)ဘာသာပဲ သင်တဲ့ ကလေးထက်ကို ဉာဏ်ပညာစွမ်းရည်၊ ဉာဏ်စွမ်းရည် ပိုကောင်းတယ်တဲ့၊ ဒါ အဖြေ၊ နောက်ပြီးတော့ (၃)ဘာသာ၊ ဘာသာစကား(၃) ဘာသာကို သင်ကြားရတဲ့ ကလေးဟာ (၁)ဘာသာ၊ (၂)ဘာသာသင်တဲ့ ကလေးထက်ကို ဉာဏ်ရည်ပိုမြင့်တယ်လို့ တွေ့ရတယ်။

ယခုလို ကျွန်တော် တင်ပြတာဟာ တစ်နိုင်ငံလုံးအတွက် ရည်ရွယ်ပြီးတော့ တင်ပြတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ (၂)ဘာသာ၊ (၃)ဘာသာ သင်တဲ့အတွက်ကြောင့် နစ်နာမှုမရှိဘူး။ ကျွန်တော်တို့ တိုင်းရင်းသားတွေ ကိုယ်တိုင်ကလည်း မစိုးရိမ်နဲ့။ နောက်ပြီးတော့ ကျွန်တော်တို့ကို စိုးရိမ်ပြီးတော့လည်း တိုင်းရင်းသားဘာသာစကားကို၊ စာပေကို သင်ကြားခွင့် မပေးတာလည်း မဖြစ်ပါစေနဲ့လို့ ကျွန်တော်ဒါအကြံပြုလိုပါတယ်။

နောက်ပြီးတော့ တိုင်းရင်းသားများ ပညာရေးအဆင့်အတန်း၊ ပညာသင်ကြားမှုအခွင့်အလမ်း တစ်ပြေးညီဖြစ်စေဖို့၊ အဆိုရှင်က တင်ပြတဲ့အချက်ဟာ  တိုင်းရင်းသား

တွေရဲ့ စာပေ ကိစ္စ၊ ယဉ်ကျေးမှု၊ ဘာသာ၊ စာပေကိစ္စနဲ့ပတ်သက်ပြီးတော့ ဒီကနေ့ တိုင်းရင်းသားမှာ တိုင်းရင်းသား ပဋိပက္ခ ဖြစ်နေတဲ့ အကြောင်းအရင်းထဲမှာ တစ်ခု အပါအဝင် ဖြစ်တယ်။ အဆိုရှင်ရဲ့ အဆိုဟာ တိုင်းရင်းသားပဋိပက္ခ လျော့ကျရေး၊ ပြေငြိမ်းရေး၊ စည်းလုံးညီညွတ်ရေးအတွက် အထောက်အကူလည်း ဖြစ်ပါတယ်။ အထောက်အကူ ဖြစ်တဲ့အဆိုတစ်ခုလည်း ဖြစ်တယ်လို့ ကျွန်တော် မြင်ပါတယ်။ အမျိုးသား လွှတ်တော်မှာ အတည်ပြုပြီးတဲ့ အခြေခံပညာရေး ဥပဒေကြမ်းနဲ့လည်း ကိုက်ညီပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီအဆိုကို ထောက်ခံဆွေးနွေး နေရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ရွာကျေးလက်နေ ပြည်သူအားလုံး တစ်ပြေးညီ ပညာသင်ယူခွင့် ရရှိစေဖို့အတွက်လည်း အဆိုရှင်က အစီအမံနှင့်တကွ တင်ပြထားတာ အလွန်ပဲ လက်တွေ့ကျတယ်။ မှန်ကန်တဲ့ သင်ကြားနည်းနဲ့ တကယ်တမ်း အကောင်အထည် ဖော်နိုင်လျှင် မြန်မာ့ပညာရေး မျှော်မှန်းချက်များကို၊ ဦးတည်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါကြောင့်မကွေးတိုင်း မဲဆန္ဒနယ် အမှတ်(၂) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ အဆိုကို အလေးအနက် ထောက်ခံကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၃၈။**

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့စပ်လျဥ်းပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၈။**

**ဦးအေးကြူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။မင်္ဂလာပါ ခင်ဗျာ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ရိုသေလေးစားပါကြောင်း ဦးစွာပထမ တင်ပြအပ်ပါတယ်။ အဆိုရှင်ရဲ့အဆိုနဲ့ပတ်သက်ပြီး တော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအေးကြူ က ပြန်လည် ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ အဲဒီ ပြန်လည် ဆွေးနွေးတင်ပြတဲ့ အပိုင်းမှာ ကျွန်တော် အပိုင်း(၄) ပိုင်းခွဲပြီး တင်ပြခွင့်ပြုပါခင်ဗျာ။

ပထမပိုင်းကတော့ လက်ရှိ ပညာရေးနယ်ပယ်ရဲ့ အယူအဆ၊ အတွေးအခေါ် အကျဉ်းမျှ တင်ပြခွင့်ပြုပါ။ ဒုတိယကတော့ထောက်ခံဆွေးနွေးကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး (၈)ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် လက်လှမ်းမီသမျှ၊ ဉာဏ်မီသမျှ (၈)ချက်မျှ (၈)ဦး ဖြစ်တဲ့အတွက် ပြန်လည်ကောက်နုတ် ဆွေးနွေးခွင့်ပြုပါ။ တတိယအပိုင်းကတော့ လောလောဆယ် တစ်နှစ်ခွဲကာလအတွင်းမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပတ်သက်ပြီးတော့ ပညာသင်ကြားမှု အခွင့်အလမ်းနဲ့ ပတ်သက်ပြီး ဆောင်ရွက်လျှက်ရှိတဲ့၊ ဆောင်ရွက်ပြီးတဲ့ကိစ္စများကို တင်ပြခွင့်ပြုပါခင်ဗျာ။ စတုတ္ထအပိုင်းကတော့ ဆက်လက်ပြီးတော့ အနာဂတ် အဆိုရှင်ရဲ့ အမျိုးသားရေး တာဝန် အဖြစ် ခံယူပြီး ဆောင်ရွက်ဖို့ကိစ္စလေးကို ကျွန်တော်ဆောင်ရွက်မယ့် အနာဂတ်စီမံချက်ကို ဆွေးနွေးခွင့်ပြုပါ။

ဦးစွာပထမ ပညာရေးနယ်ပယ်၊ ပညာရေးကဏ္ဍ၊ ပညာရေးအတွေးအခေါ် ပညာရှင်များ၊ တာဝန်ထမ်းဆောင်ဆဲ၊ တာဝန်ထမ်းဆောင်ပြီး ပညာရှင်များရဲ့ အတွေးအခေါ်၊ အယူအဆ(၃)ခုမျှ တင်ပြခွင့်ပြုပါခင်ဗျာ။ ပထမတစ်ချက်ကတော့ ပညာရေးအနေနဲ့ အလွန်ရှည်လျားပြီးကျယ်ဝန်းတဲ့ လုပ်ငန်းကြီး ဖြစ်တဲ့အတွက် တစ်မျိုးသားလုံးနဲ့ အကျုံးဝင်တဲ့ လုပ်ငန်းကြီး ဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင်ကလည်း ပညာရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်ရေးအတွက် အမျိုးသားရေးတာဝန် အဖြစ် ခံယူဆောင်ရွက်ဖို့ အဆိုကို တင်သွင်းထားခြင်း ဖြစ်ပါတယ်။ ဒါ့အပြင်ပညာရေးဟာ အနာဂတ်အတွက် အလွန် အရေးပါတဲ့ အခန်းကဏ္ဍ ဖြစ်ပြီး မျက်မှောက်ကာလကို ပညာခေတ် (Knowledge Age) လို့ ပြောရတဲ့အထိ ပညာရေးဟာ အလွန်တန်ဖိုးကြီးမားတဲ့ သယံဇာတပစ္စည်း ဖြစ်လာ ပါတယ်။ တန်ဖိုးပင် မဖြတ်နိုင်တဲ့ သယံဇာတပစ္စည်း လို့ပင် ခေါ်ဆိုနိုင်ပါတယ်။

တစ်ပိုင်းကလည်း သုံးလို့ မကုန်နိုင်တဲ့ သယံဇာတပစ္စည်းလို့လည်းပြောလို့ ရနိုင် ပါတယ်။ တိုးပွားနေဖို့လည်း လိုပြီးတော့ သုံးလေ၊ သုံးလေ မကုန်နိုင်လောက်အောင် တိုးပွား လာတယ်လို့ ဒါပညာရှင်ကြီးများက ဆိုကြပါတယ်။ ဒါပထမတစ်ချက်ပါခင်ဗျား။ ဒုတိယ တစ်ချက်တင်ပြလိုတာကတော့ ကမ္ဘာ့ပညာရေးလောကရဲ့ ပညာရေးအပေါ်မှာချဉ်းကပ်မှု ယနေ့ အနေအထားလေးကို တင်ပြခွင့်ပြုပါခင်ဗျာ။

ကမ္ဘာ့ပညာရေးမှာ ကလေးများကို Independent Learner လွတ်လပ်တဲ့ သင်ကြားသူအဖြစ်နဲ့ တွန်းပို့နေတဲ့ အချိန်ကာလကို ရောက်နေပြီဖြစ်ပါတယ်။ Teaching သင်ကြားမှုစနစ်တစ်ခုတည်းနဲ့ ပညာရေးကို တောင့်ခံမထားနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် Skill Learning Self Blaning ဆိုပြီးတော့ အားပေးနေတဲ့အချိန် ကာလလည်း ဖြစ်ပါတယ်။ ငယ်ရွယ်တဲ့ကလေးများကို အပြောကျယ်တဲ့ နယ်တစ်ခုကို ပို့ပေးရမှာ ဖြစ်ပါတယ်။ ကလေးတွေရဲ့စွမ်းရည်ကို ကန့်သတ်မထားသင့်ပဲ အတတ်နိုင်ဆုံး နယ်ပယ် ကျယ်တဲ့ လောကထဲကို တွန်းပို့ပေးရမယ့် တာဝန်ဟာ မျိုးဆက်ဟောင်းတို့ လူကြီးများရဲ့ တာဝန်ဖြစ်ပါတယ်။ ဒါဟာ စစ်မှန်တဲ့ ပညာရေးလောကသား တစ်ယောက်ရဲ့ အတွေးအခေါ် ဖြစ်သင့်ပါတယ်။

တတိယအချက် အနေနဲ့ ဆက်လက် တင်ပြခွင့် ပြုပါခင်ဗျာ။ ဒါကတော့ ပညာရှင် တစ်ယောက်က အဆိုတင်သွင်းထားတာ ဖြစ်ပါတယ်။ သစ်ပင်တစ်ပင်ကို စိုက်ပျိုးလို့ မရှင်သန် မကြီးထွားဘူးဆိုရင် အဲဒီသစ်ပင်ကို ဘယ်တော့မှ အပြစ်မတင်ပါနဲ့။ သစ်ပင်ဟာ ရှင်သန်ကြီးထွားမှု မရှိဘူးဆိုရင် မျိုးစေ့မကောင်းလို့လား၊ သူစိုက်တဲ့မြေကြီး မကောင်း လို့လား၊ ရေများသွားလို့လား၊ ရေနည်းသွား လို့လား အကြောင်းကို ရှာဖွေပါ။ Don’t blame the trees သစ်ပင်ကို ဘယ်သောအခါမှ အပြစ်မတင်ပါနဲ့။ အပြစ်တင်မစောပါနဲ့။ ကျောင်းသား ကိုလည်း အပြစ်မတင်ပါနဲ့၊ မိမိ ထူထောင်တိုင်းဖြစ်နိုင်တဲ့သူလည်း ဖြစ်ပါတယ်၊ သူတို့ကို မြတ်နိုး ရပါမယ်။ တန်ဖိုးထားရပါမယ်။ Encourage လုပ်ပေးရပါမယ်။ ဒါကတော့ ပထမပိုင်းအနေနဲ့ ဒီနေ့ ပညာရေး အနေအထားနဲ့ပတ်သက်လို့ ကျွန်တော် အတွေးအခေါ် အယူအဆပိုင်းကို အကျဉ်းမျှ တင်ပြခြင်း ဖြစ်ပါတယ်။

ဒုတိယအပိုင်းကတော့ အဆိုရှင်(၈)ဦးရဲ့ အဆိုများနဲ့ ပတ်သက်ပြီးတော့ လက်လှမ်းမီသမျှ၊ ဉာဏ်မီသမျှ (၈)ချက်မျှ ကျွန်တော် တင်ပြခွင့်ပြုပါခင်ဗျာ။ ပထမ တစ်ချက်ကတော့ ပညာရေးဟာနောက်ကျကျန်နေပြီ၊ ပညာရေးဟာ နောက်ကျကျန်နေတာ မဟုတ်ပါဘူး။ ပညာရေး တစ်ခုတည်း မဟုတ်ပါဘူး။ မြန်မာနိုင်ငံဟာ အားလုံး ကိုယ်စားလှယ်တော်ကြီးများ၊ ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးနည်းပါးလို့ပဲ ဆိုနိုင်လောက် အောင် နောက်ကျကျန်ခဲ့တဲ့ နိုင်ငံ ဖြစ်နေပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ အမှန်အတိုင်း

ခံယူထားကြောင်း တင်ပြလိုပါတယ်။ ဒီမှာတော့ ကျောင်းဖွင့်ခွင့်နဲ့ ပတ်သက်လို့ တစ်ရွာ၊ တစ်ကျောင်းကနေ မြို့နယ်စပ်အထိ အပိုင်းမှာ ကျွန်တော်တို့ ယခင် အမျိုးသားလွှတ်တော် လာစဥ်ကလည်း ကျွန်တော် တင်ပြဖြေကြားဖူးပါတယ်။ (၄)နှစ် စီမံချက်ဆွဲပြီးတော့ ကျောင်းပေါင်း (၄၃၀၀)မှာ ယနေ့(၃၅၀၀)လောက် ဖွင့်ပြီးပါပြီ။ ဒီလောက်ဖွင့်တာကို ပင်လျှင် တောင်းဆိုမှုတွေ မစဲသေးပါဘူး။ တကယ်လည်း ဖြစ်သင့်ပါတယ်။

ဒါကိုကျွန်တော်တို့ ဒုတိယအကြိမ် ဆက်လက် ကြိုးစားဆောင်ရွက်မယ့်အကြောင်း ပထမအချက်အနေနဲ့ တင်ပြလိုပါတယ်။ နောက်ဒုတိယ ကျောင်းဖွင့်ခွင့် ကျောင်း Section ရသော်လည်း ကျောင်း Section တစ်ပါတည်းမှာ သင်ကြားခွင့် တစ်ခုတည်းရဲ့နောက်မှာ ကပ်ရက်တစ်ခါ ပါလာတာ ဆရာရှိဖို့လိုပါတယ်။ ဆရာက စာရွက်ပေါ် ခန့်ရုံနှင့် မရဘဲ ဆရာသည် စာရွက်ပေါ်တော့ ဆရာတော့ ခန့်ပေမယ့် အဲဒီဆရာသည် အဲဒီကျောင်းကို ရောက်အောင် လာဖို့လိုပါတယ်။ ကျောင်းဖွင့်ရက်မှာ ကျောင်းကို ရောက်ရင်လည်း သူ့တတ်စွမ်းသမျှ သူ့ရဲ့ Potential ရှိသမျှ ကလေးတွေကို စေတနာ၊ အနစ်နာ၊ ဝါသနာ နာ(၃)နာခံယူပြီး အနည်းဆုံး စေတနာဖြူစင်စွာနဲ့ သူ့ခွန်အားရှိသလောက် သင်ကြားပေးဖို့ လိုပါတယ်။ ရေရှည်အပိုင်း ကျွန်တော်တို့ နိုင်ငံတော်အပိုင်း၊ ပညာရေးဝန်ကြီးဌာန အပိုင်းကတော့ ကလေးများရဲ့ အရည်အသွေး တစ်နိုင်ငံလုံး ပြည်ထောင်စုတစ်ဝန်း အရည်အသွေး မြင့်ဖို့အတွက် ဆရာအရည်အသွေး မြင့်မားဖို့ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

နောက် တတိယအချက် ဆင်းရဲခြင်း၊ ဆင်းရဲနွမ်းပါးမှု မြန်မာနိုင်ငံမှာ တရားဝင် နိုင်ငံတော်သမ္မတကြီးလည်း ထုတ်ပြန်ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဆင်းရဲ နွမ်းပါး၊ ဆင်းရဲတွင်းနက်တဲ့ လူဦးရေ အနေအထားဟာ (၂၆)ရာခိုင်နှုန်းဝန်းကျင် ရှိပါတယ်။ အဲဒီတော့ ဆင်းရဲတွင်းနက်တဲ့ အထဲကရှိတဲ့ လူတွေကို လက်ဆွဲထုတ်နိုင်တဲ့အရာ ကိရိယာ သည် ပညာပဲ ရှိပါတယ်။ ပညာမှတစ်ပါး ဆင်းရဲတွင်းနစ်တာကို ကယ်တင်ဖို့ လမ်းစ မရှိပါဘူး။ အဲတော့ ပညာတက်အောင်သင်မှသာ ဆင်းရဲတွင်းမှ ထွက်နိုင်မှာ ဖြစ်ပါတယ်။

အလားတူပဲ ပညာတက်အောင်သင်ဖို့အတွက် ဆင်းရဲတွင်းနစ်နေလို့ မသင် နိုင်တဲ့ အပိုင်း၊ မရှိလို့ မလှူ ၊ မလှူလို့ မရှိ၊ ဆိုသလိုတဲ့နေရာမှာ မရှိသော်လည်း ပညာသည်

ဖြစ်တဲ့နည်းနဲ့ တက်အောင်သင်ရမယ့် ရောက်တဲ့အနေအထားမှာရှိတဲ့ အနေအထားနဲ့ သင်ရမယ့်အပိုင်းလေးကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

စတုတ္ထအပိုင်းကတော့ တောနဲ့မြို့၊ တောင်ပေါ် မြေပြန့်အားလုံး တန်းတူကတော့ လက်တွေ့မဆန်ပါဘူး။ အနည်းဆုံးကွာဟမှု နည်းနိုင်သမျှနည်းအောင် ဖန်တီးဖို့ ရှိပါတယ်။ ဒီမှာလည်း တင်ပြသွားပါတယ်။ ဆရာ ဝေးလံတဲ့ဥစ္စာ(၂)ယောက်၊ လက်တွေ့ဘဝမှာ ကျွန်တော်တို့ ဟိုဘက်ခေတ်ကတော့ အနေအထားက ဘတ်ဂျက် ကန့်သတ်ချက်နဲ့ (၅၅)ယောက် ကျောင်းသားရှိတဲ့ အောက်ဆိုရင် (၂)ယောက်ပဲ ပေးနိုင်ပါတယ်။ ကျောင်းအုပ်တစ်ယောက်၊ အထွေထွေလုပ်သား တစ်ယောက်၊ ဆရာတစ်ယောက် သို့သော် လက်ရှိအခြေအနေ၊ အနေအထားနဲ့ ဘတ်ဂျက်ရဲ့ ခွင့်ပြုချက် အနေအထားများအားလုံးသည် လာမယ့်စာသင်နှစ်မှာ (၅၅)ယောက်အောက်ကျောင်း ဝေးလံကိစ္စအားလုံးကို ကျွန်တော်တို့ (၃)ယောက် တင်ဖို့အတွက် သမ္မတကြီးထံ ခွင့်တောင်းဖို့အတွက် စီမံဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ချက်ကတော့ ဆရာ မလုံလောက်တဲ့ ကိစ္စ၊ ပရိဘောဂ၊ ရုပ်ဝတ္ထုပစ္စည်းကိုတော့ ကျွန်တော် မတင်ပြတော့ပါဘူး။ လူအပိုင်းကိုပဲ ဦးစားပေး ကျွန်တော် တင်မယ်၊ ဆရာ မလုံလောက်တဲ့ ကျောင်းရှိသလို၊ ဆရာလုံလောက်တဲ့ကျောင်းရှိတယ်။ ဆရာပိုတဲ့ကျောင်းရှိတယ်။ ဖြစ်ခဲ့တဲ့ အဖြစ်အပျက် အမှန်ကိုလည်း ကျွန်တော် တင်ပြခဲ့ဖူးပါတယ်။ အလယ်တန်းပြ၊ မူလတန်းပြ ပြီးခဲ့နှစ် ဒီအချိန်မှာ လိုနေတာ (၂၇၀၀၀)လိုပါတယ်။ ပိုနေတာက (၃၆၀၀၀)၊ ပိုနေတဲ့ ဆရာ/ဆရာမ အားလုံးသည် မြို့ပေါ်နှင့် သွားရေး၊ လာရေးလွယ်ကူတဲ့ နေရာမှာ ပိုနေပြီးတော့၊ လိုနေတဲ့ဥစ္စာ ကျေးလက်ပါ။ ဒီကျေးလက်သည်၊ တောင်ပေါ်သည်၊ ဆက်သွယ်ရေး ခက်ခဲတဲ့နေရာသည် နဂိုကမှ မပြည့်စုံတဲ့အပြင် ကျောင်းဖွင့်ခွင့်ရတော့လည်း ဆရာလိုတဲ့အတွက် ကလေးများအတွက် ဒီပြင်ကိစ္စ အမိုးမလုံ၊ အဆောက်အဦမပြည့်စုံ ကျွန်တော်တို့ ရင်ဆိုင်မှု၊ ဖြတ်ကျော်မှု လုပ်နိုင်သော်လည်း ဆရာမရှိရင်တော့ ကလေး ဘယ်လိုမှ မရတဲ့အတွက်ကြောင့် ဒီ (၂၇၀၀၀)ကျော်ကိစ္စကို ကျွန်တော်တို့ ဦးစားပေးတစ်နှစ်အတွင်း ဖြေရှင်းတဲ့ခါမှာ ဆရာပိုတဲ့ကျောင်း (၃၆၀၀၀) ကနေ အနေအထား ကျွန်တော်တို့ (၅၆၀၀) ကျော်သည်၊ ပိုတာမှ လိုတာသို့ ပြောင်းပေးနိုင်တဲ့ အနေအထား

ပထမအဆင့် ဖြစ်လာပါတယ်။ အထက်တန်းပြသည် (၅၀၀၀)လောက် ပိုတဲ့ဥစ္စာကို (၁၀၀၀)နီးပါးလောက် လိုတဲ့ ကျောင်းများကို ပို့နိုင်ပါတယ်။

ဒါကတော့ အဓိကတာဝန်ကတော့ ပညာရေးဝန်ကြီးဌာနရဲ့ တာဝန် ဖြစ်သော်လည်း ဒီဆရာများ ပိုရတဲ့ အကြောင်းအရင်းဟာ အကြောင်းအမျိုးမျိုးကြောင့် အားလုံးနိုင်ငံသူ/ နိုင်ငံသားအားလုံးက ဝန်ထမ်း အပါအဝင် မိဘပြည်သူအားလုံးက ပိုတဲ့ကျောင်းကို ဆရာ ထပ်ပြောင်းဖို့အတွက် မတောင်းဆိုဖို့ပါ။ တောင်းဆိုပြန်ရင်လည်း ငြင်းဆန်ရင်လည်း ကျွန်တော်တို့အပေါ် နာလည်ပေးဖို့ပါ။ လောလောဆယ် တစ်ပြည်လုံးအနေအထားနဲ့ ဆရာပိုတဲ့ ကျောင်းများကို ပြောင်းရွှေ့ခွင့် ပိတ်ထားပါတယ်။

ဝန်ကြီးဌာန E.C မပါဘဲနဲ့ ဆရာပိုတဲ့ကျောင်းများကို အောက်အဆင့်နဲ့က ပြောင်းရွှေ့ပေးမယ်ဆိုရင် သက်ဆိုင်ရာတာဝန်ရှိတဲ့သူကို ပြင်းထန်စွာ အရေးယူမည်ဆိုတဲ့ အပိုင်းအထိ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်လျက်ရှိတဲ့အတွက် အားလုံးမိဘပြည်သူပါဝိုင်းဝန်းကူညီ ဆောင်ရွက်မှသာ မြို့ပေါ်က ပိုတဲ့ကျောင်းများ တစ်ဖြည်းဖြည်း လျော့ပြီးတော့၊ တောမှ ကျောင်းများကို ဆရာများလိုတာကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါဆရာအပို/ အလို ကိစ္စတွေကို ဆောင်ရွက်ချက် အကျဉ်းမျှ တင်ပြခြင်း ဖြစ်ပါတယ်။

နောက်တစ်ပိုင်းကတော့ ကျွန်တော်တို့ ကျောင်းဖွင့်ခွင့်ကိစ္စပါ။ ဆောင်ရွက်နည်းက (၄)နှစ် စီမံချက်မှာ Top Down စနစ်နဲ့ ဆင်းပါတယ်။ ဆရာ/ကျောင်းသားအချိုးမှာ အထက်တန်းကျောင်း တစ်ကျောင်း Section ဖြစ်ဖို့သည် ကျောင်းသား(၁၇၀) သတ်မှတ်ခြင်းဟာ နောက်(၄)နှစ်ဆို (၂၀၀) ဖြစ်မှာပါ။ (၂၀၀)ဆို ကျောင်းသားအရေအတွက် ဆရာပေးမယ်ဆို ကျွန်တော်တို့ ဆရာ (၇)ယောက်ပေးရမှာ ဖြစ်ပါတယ်။ ဘာသာသည် အနည်းဆုံး (၇)ဘာသာဖြစ်တဲ့အတွက် ဆရာ (၇)ယောက်ပေးမှသာ နိုင်ငံတော်သည်အရင်းမှာရှိပါတယ်။ ကျောင်းသား(၁၀၀)ကို ဆရာ (၇)ယောက်ပေးရမယ်၊ ကျောင်းသား(၅၀)လည်း ဆရာ(၇)ယောက် ပေးရမယ်၊ နိုင်ငံတော်ဘက်က ချိန်ဆပြီးတော့ ကျောင်းသား(၂၀၀) ဖြစ်တဲ့ကျောင်းကို ကျောင်း Section (၇)ယောက် ပေးခြင်း ဖြစ်ပါတယ် ချိန်ဆပြီးတော့၊ ဒီအတိုင်း တွက်တဲ့အခါမှာ ကျောင်း(၃၀၀)ကျော် (၄၀၀)ကျော် နီးပါးကို ဒါအထက်တန်းကျောင်း ပေးဖို့အတွက် ဒါစီမံချက်ရေးဆွဲပြီး ဖြစ်ပါတယ်။ 80 Percent

ရှိပါတယ်။ ကျန်တဲ့ (၂၀) ရာခိုင်နှုန်းကတော့ Bottom Up ပါ။ အောက်ခြေက ကျောင်းသား(၁၀၀) ဖြစ်စေ၊ (၈၀)ဖြစ်စေ ကျောင်းအရေအတွက် Main မဟုတ်ဘဲနဲ့ သွားလာရေး စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးများ ထောက်ခံ ဆွေးနွေးခဲ့တဲ့ မြစ်ကူး၊ ချောင်းဖြတ် သွားလာရေး ဝေးလံမှု၊ ဆက်သွယ်ရေးခက်ခဲမှု၊ ဝေးလံဒေသ၊ နယ်စပ်ဒေသစတဲ့ အချက်အလက်များသည် သက်ဆိုင်ရာ ပြည်နယ်တိုင်း ဒေသကြီးအစိုးရများနဲ့ သက်ဆိုင်ရာ တိုင်း၊ ပြည်နယ် ပညာရေးမှူးများနဲ့ ပေါင်းစပ်ပြီးတော့ ကြီးစဥ်ဇယားရေးဆွဲပြီးတော့ ဇန်နဝါရီ(၅)ရက်နေ့ အရောက် တောင်းခံထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း မိမိမြို့နယ်များရောက်တဲ့ အခါမှာ ဒီအပိုင်းကိုလည်း ပါဝင်ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင်တော့ တကယ်ဖြစ်သင့်ဖြစ်ထိုက်တဲ့ကျောင်း တန်းစီဇယားဖြစ်မယ်။ ကျွန်တော်တို့ လာမယ့် ၂၀၁၃-၂၀၁၄ စာသင်နှစ်မှာ (၂၀) ရာခိုင်နှုန်းသို့ လျာသော်လည်း တက်လာတဲ့ ကျောင်းစာရင်း အပြည့်အစုံသည် (၂၀) ရာခိုင်နှုန်းထက် ပိုပေးဖို့ လိုအပ်မည်ဆိုလည်း သမ္မတကြီးထံ တင်ပြပြီးတော့ ကျောင်းဖွင့်ဖို့ ဆက်လက် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက်ဆုံးနံပါတ် (၈)အချက်ကတော့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး အိန္ဒိယ သွားတဲ့ကိစ္စပါ။ ကိုယ်စားလှယ်များကို သုံးစွဲခွင့်၊ ဒါတွေကတော့ ကျွန်တော် တစ်ယောက်တည်းရဲ့ Personal အတွေးအခေါ်ပါ။ ကလေးများအတွက် မူလတန်း မသင်မနေရ ပညာရေးစနစ် ဖြစ်ထွန်းဖို့အတွက် ဥပဒေမပြဌာန်းနိုင်တာ ရှေ့ပြေးခြေလှမ်းအဖြစ် ကျွန်တော်တို့ Text Book များကို ပထမနှစ်မှာ အခမဲ့ပေးပါတယ်။ ပြီးခဲ့တဲ့နှစ်က လေ့ကျင့်ခန်း ဗလာစာအုပ် wood Free နဲ့ (၆)အုပ်စီ (၄)တန်း အထိ ကလေးတိုင်းကို ပေးဖို့အတွက် လျာပါတယ်။ (၆)အုပ်အတွက် တန်ဖိုးကို (၁၀၀၀)၊ ကလေး အယောက် တွက်ချက်ပြီးတော့ အချိန်ရဲ့ ကန့်သတ်မှုနဲ့ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အစိုးရအဖွဲ့ ကို ကျွန်တော်တို့ ဘတ်ဂျက်လွှဲပြီးတော့မှ ဆောင်ရွက်ပါတယ်။

ဒီကိစ္စလေးမှာ တကယ်လို့များ လွှတ်တော်ကိုယ်စားလှယ်ကြီး၊ အိန္ဒိယ လွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ချင်းရဲ့ အသုံးစရိတ်

ဆိုတာ ဒီမိမိမြို့နယ် မိမိရွေးကောက်ခဲ့တဲ့၊ ကိုယ်စားလှယ် ရွေးတင်ပေးတဲ့ မြို့နယ်တွေရဲ့ မူလတန်း ကျောင်းသားအရေအတွက် (၁၀၀၀၀) ရှိမယ်ဆိုရင် သူ့အတွက် တစ်ယောက် တစ်ထောင်ဆို တစ်သောင်းနဲ့ တစ်ထောင် မြှောက်။ အဲဒီ စာအုပ်ကို အဲဒီလွှတ်တော် ကိုယ်စားလှယ် အစီအစဥ်နဲ့ပဲ ဝယ်ပေးမယ်ဆိုလို့ ကျွန်တော်တို့ဘက်က ဒါ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေရေးဆွဲပြီး ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်ဘက်က အဆင်ပြေပါတယ်။ လောလောဆယ်ကတော့ ဗဟိုပြည်ထောင်စုအစိုးရ အနေနဲ့ကတော့ ဒီလောက်များပြားတဲ့ ကျေးလက် အရောက်ပို့ရမယ့်ကိစ္စ၊ မနှစ်ကအချိန်(၂)လပဲ ရတဲ့အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များကို ဘတ်ဂျက်လွှဲပြီးတော့ ကလေး တစ်ယောက် ကို စာအုပ် တစ်ဒါဇင်နှုန်း၊ (၁၀၀၀)နှုန်းနဲ့ ပေးပါတယ်။ Text Book ကိုလည်း ပညာရေး အစီအစဥ်နဲ့ပဲ အခမဲ့ ပေးပါတယ်။ ဒီအခမဲ့ ပေးရာမှာလည်း ဆင်ဖိုး ထက် ချွန်ဖိုး ကြီးစွာ အမျိုးသားလွှတ်တော်မှာ ဖြေဆိုခဲ့ပါတယ်။ တကယ်လည်း မေးတဲ့အခါ မှန်တာနေရာတွေ တော်တော် များများရှိပါတယ်။

မူလတန်းအခမဲ့ဟာ သွားထုတ်တဲ့အချိန်မှာ ကိုယ့်စရိတ်နဲ့ ပြန်လည်၊ ကိုယ်စရိတ် နဲ့ကိုယ် အားလုံးသည် ကျွန်တော်တို့က ၅၊၆၊ ၇၊ ၈၊ ၉၊ ၁၀ ရောင်းရတဲ့စာအုပ် ငွေကြေးရမှ အဲဒီရောင်းရငွေနဲ့ မြို့နယ်ပညာရေးမှူးမှ မူလတန်းကျောင်းကို ပေးအပ်မှာ ဖြစ်တဲ့အတွက် လက်တွေ့မြေပြင်မှာ၊ ကွင်းဆင်းစုံစမ်းတဲ့အခါမှာ စာအုပ်ဖိုး ရပြီးတော့ မူလတန်းကျောင်း များကို ပေးတဲ့ဥစ္စာသည် အင်မတန်း နည်းပါးပါတယ်။ ဒါကို နည်းလမ်း တစ်ခု ရှာကြံပြီးတော့ ဖြေရှင်းဖို့ တကယ့်လက်တွေ့ အကျိုးသက်ရောက်မှုကို ဆောင်ရွက် လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နောက်ဆုံး တိုင်းရင်းသား ဘာသာစကား ပါ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ (၁၃၅)မျိုး ရှိပါတယ်။ လောလောဆယ် ဆောင်ရွက်နေပါတယ်။ အခုဟာ တိုင်းရင်းသား ဘာသာစကား သင်ဖို့ လိုမှန်းလည်း သိပါတယ် ခင်ဗျာ။ ဘာကြောင့် သင်ရမလဲဆိုတာ အားလုံး သိပါတယ်။ လောလောဆယ် ဒီ(၁၃၅)မျိုး၊ ချင်းဆိုရင်လည်း (၈)မျိုးလောက် ရှိပါတယ်။ ဘယ်အမျိုးက စမှန်းမသိဘူး။ လောလောဆယ်တော့ ဆောင်ရွက်နေပါပြီ။ အားလုံး၊ တိုင်းရင်းသား ဝန်ကြီးများ၊ တက္ကသိုလ်များရှိတဲ့ ပြည်နယ်/တိုင်းများမှာရှိတဲ့ တိုင်းရင်းသားစာပေ၊ အနုပညာရှင်များ အားလုံးစုပေါင်းပြီး လုပ်ဖို့ပါပဲ။ လုပ်ဖို့အခွင့်၊

တာဝန်လည်း ပေးပါပြီ။ အားလုံး အတူတကွ လုပ်ရင် ဒါလည်း အနေးနဲ့ အမြန် ကျွန်တော်တို့ ဆောင်ရွက်နေပါပြီ။ ဒီ(၈)လုံးရဲ့ အနှစ်ချုပ်လေး ကျွန်တော် တစ်ချက်လေးပဲ တင်ပြခွင့် ပြုပါခင်ဗျား။

ကျောင်းပညာသင်ကြားခွင့် (၂၀)ဦးအထက်ရှိ တစ်ရွာ၊ တစ်ကျောင်း ဆိုတာ လက်တွေ့က (၃)အိမ်လည်း တစ်ကျောင်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ တစ်အိမ်စု၊ (၅)အိမ်လည်း တစ်အိမ် ဖြစ်နိုင်ပါတယ်။ ပညာရေးရဲ့ အနေအထားက ရွာအနေအထားနဲ့ မတွက်ဘဲနဲ့ ကျောင်းသားစုစည်းနိုင်တဲ့ အနေအထားနဲ့ဆိုရင် ကျောင်းသား(၂၀)နဲ့ အထက် (၅၅)ရှိရင် ကျွန်တော်တို့ မူလတန်းကျောင်း(ခွဲ)(၂)ယောက် ပေးဖို့အတွက် Plan စဆွဲနေပါပြီ။ (၂၀)အောက် အားလုံးကတော့ ကိုယ်ထူကိုယ်ထ အနေအထားနဲ့ ကျွန်တော်တို့ ဒီကလေးတွေရဲ့ ဗလာစာအုပ် အခမဲ့ ပေးပါမယ်။

တွဲဖက်ကျောင်းဆိုရင် သတ်မှတ်ဖို့ အားလုံး ညှိနှိုင်းထားပါတယ်။ လာမယ့် ဇန်နဝါရီ ၅ ရက်စာရင်းမှာ အပြည့်အစုံ လက်တွေ့ ကျွန်တော်တို့ ၄င်းဆောင်ရွက်တဲ့ အချိန်မှာ (၄၃၀၀) ပေးတဲ့အချိန်မှာ ဒီမှာရှိတဲ့ သီးခြားနောက်စာရင်း (၂၂၀၀)ထပ်ပေါ်ဖို့ အတွက် ကျောင်းစာရင်းတွေသည် ယနေ့ ကျွန်တော် တင်ပြတဲ့အချိန် အောက်ခြေရဲ့ သတင်း အပြည့်အစုံ အမှန် မရသေးပါဘူး။ ဇန်နဝါရီ ၅ ရက်နေ့ တင်တဲ့စာရင်း အမှန်ရမယ် ဆိုရင်တော့ ရှိသမျှ စာရင်းထဲက ကျောင်းသား(၂၀)အထက်အားလုံးသည် ဆရာရှိရမယ်။ (၅၅)ဦးအထက်သည် အားလုံး မူလတန်း Section ဖြစ်မယ်ဆိုတဲ့ Plan စတင် ဆောင်ရွက်နေပါပြီ။ အားလုံး အစုံအလင် ရမယ်ဆိုရင် အားလုံး ပူးပေါင်း ဆောင်ရွက်မယ် ဆိုရင်တော့ ကိုယ်စားလှယ်တော်ကြီးများ တင်ပြတဲ့ဥစ္စာကို အနေးနဲ့အမြန် ကျွန်တော်တို့ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ဒုတိယပိုင်းအနေနဲ့ တင်ပြအပ်ပါတယ်။ တတိယကတော့ ကြိုတင်ဖြေကြားထားတဲ့ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် အခြေအနေကို ကျွန်တော် ဖတ်ကြား တင်ပြခွင့်ပြုပါ ခင်ဗျား။

ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ပညာရေးကဏ္ဍမှာ ဟန်ချက်ညီစွာ တစ်ပြေးညီ ပညာသင်ကြားလေ့လာသင်ယူခွင့် အခွင့်အလမ်းများ ရရှိစေရေးအတွက် ကျေးရွာတိုင်း အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်ပေးခြင်း၊ ကျေးရွာအုပ်စုတိုင်း၌

အခြေခံပညာ အလယ်တန်းကျောင်း ဖွင့်လှစ်ပေးခြင်း၊ တိုက်နယ်အဆင့်တွင် အခြေခံပညာ အထက်တန်းကျောင်း သို့မဟုတ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များ ဖွင့်လှစ်ပေး ခြင်းကို ကျောင်းသား၊ ကျောင်းသူဦးရေ၊ အဆောက်အဦပြည့်စုံမှု၊ လမ်းပန်း ဆက်သွယ်ရေး လုံခြုံချောမွေ့မှု အခြေအနေတို့အပေါ် မူတည်၍ စိစစ်ပြီး တိုးချဲ့ဖွင့်လှစ် ပေးလျက်ရှိပါ တယ်။ မြို့ပေါ်ရပ်ကွက်များတွင် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် တက်ရောက် မည့် ကျောင်းသားဦးရေနှင့် ခရီးအကွာအဝေးတို့ အပေါ်မူတည်၍ မူ၊ လယ်၊ ထက် ကျောင်း များ စိစစ်ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။

ကျေးရွာ အတည်တကျ မရှိတဲ့ ဒေသများမှာ ရွှေ့လျားကျောင်းများ အဖြစ် လည်း ဖွင့်လှစ်ပေးလျက်ရှိပြီး ကျေးရွာအုပ်စု၊ တိုက်နယ်အဆင့်နှင့် မြို့နယ်အဆင့် ပညာသင်ယူ ပြီးမြောက်ရေးအတွက် ပညာရေးလွှမ်းခြုံမှု ရှိသည့်အထိ ကျောင်းများအဆင့် တိုးမြှင့် ပေးလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်အနေဖြင့် အခြေခံပညာကျောင်းများတွင် အခမဲ့ မသင်မနေရ မူလတန်း ပညာရေးအစီအစဉ်အား အကောင်ထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပြီး မသင်မနေရ မူလတန်းပညာရေးလုပ်ငန်းအတွက် ကျောင်းသုံး ဖတ်စာအုပ်များကို မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအားလုံးသို့ အခမဲ့ ဖြန့်ဝေခြင်း ၊ ၂၀၁၂-၂၀၁၃ တွင် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ဖြန့်ဝေခြင်း၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးခြင်းနှင့် မူလတန်းဆင့်သင် ကျောင်းသား၊ ကျောင်းသူများအား ငွေကြေး ကောက်ခံခြင်း မပြုရန် ဆောင်ရွက်ခဲ့ပါတယ်။

ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေးနှင့် ကျောင်းနေမြဲပြီး မူလတန်း ပညာ သင်ယူပြီးမြောက်ရေးအတွက် အထူးကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိရာ နှစ်စဉ် မေလရဲ့ နောက်ဆုံးရက်သတ္တပတ်အား ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေး ရက်သတ္တပတ် အဖြစ်သတ်မှတ်ပြီး နိုင်ငံတစ်ဝန်းလုံး အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့ကြရာ သူငယ်တန်းကျောင်းဝင်နှုန်းမှာ ၉၈.၄၇ ရာခိုင်နှုန်းအထိ တိုးတက် ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ကျောင်းဝင်နှုန်း မြင့်မားလာသော်လည်း အချို့နေရာများမှာ ကျောင်းမနေနိုင်သည့် ကလေးများ ကျန်ရှိနေနိုင်ပါသဖြင့် အဆိုပါကလေးများပါ ကျောင်းအပ်နှံ

နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအတွင်းရှိ ကျောင်းဝင်မည့် ကလေးများကို ကြိုတင်စာရင်းကောက်ယူပြီး ပညာရေးဌာနမှ တာဝန်ရှိသူများနဲ့ ဒေသဆိုင်ရာ အာဏာပိုင်များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

စတုတ္ထပိုင်းအနေနဲ့ ဆက်လက် တင်ပြခွင့်ပြုပါခင်ဗျား။ စတုတ္ထအပိုင်း ကတော့ ဆက်လက်ဆောင်ရွက်မယ့်ကိစ္စ၊ ကျွန်တော်တို့ အားလုံးသိပြီးတဲ့အတိုင်း ယခင် လမ်းစဥ်ပါတီရဲ့ လူရည်ချွန်လို့ အများ သိပါတယ်။ ကနေ့ ဒီနှစ်အတွင်းမှာ ကျွန်တော်တို့ အကောင်အထည်ဖော်ဖို့က ဘက်စုံပညာထူးချွန်လို့ အကြမ်းနဲ့ သတ်မှတ် ပြီးတော့ လက်ရှိပညာသင်နှစ်မှာပဲ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း သည် သူ့ကျောင်းသား အရေအတွက်လည်း ဒီနှစ်ပညာသင်နှစ်မှာ အခုလက်ရှိ ဆောင်ရွက်လျက် ရှိပါတယ်။ အလားတူ ကျွန်တော်တို့ ကလေးတုန်းက ဝံပုလွေ၊ ကင်းထောက် Scout ၊ လောလောဆယ် ဒီနှစ်မှာတော့ ကင်းထောက် နိုဝင်ဘာ (၂၄)ရက်နေ့ဆိုရင် ကျွန်တော်တို့ နည်းပြသင်တန်း စဖွင့်ပါမယ်။ ပြီးရင် ပြည်နယ်/တိုင်း တစ်ခု နေပြည်တော်ကို တိုင်းတစ်ခုသတ်မှတ်ပြီးတော့ (၁၈)ခု (၁၈၀၀)နဲ့ စပြီးတော့ အစပြုပါမယ်။

ကလေးတွေ ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေစွာ အများနဲ့စုပေါင်း နေထိုင်လုပ်ကိုင်တတ်တဲ့ အလေ့အကျင့်၊ ပရဟိတလုပ်ငန်းလုပ်တတ်တဲ့အလေ့အကျင့် ရရှိပြီးတော့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ ဒါဒီနှစ်မှာ အကောင်အထည်ဖော်မယ့် အပိုင်းဖြစ်ပါတယ်။ အားလုံးအချုပ်ကို ကျွန်တော် အချက်(၅)ချက်ကလေးနဲ့ တင်ပြခွင့်ပြုပါ ခင်ဗျား။ အဆိုရှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ဟန်ချက်ညီညီပါ။ကျွန်တော်တို့ကနေ့ အနေအထားသည်၊ တင်ပြတဲ့ အနေအထားသည် အခြေခံပညာအပိုင်းလေးပဲ ရှိပါတယ်။ အဆင့်မြင့် အသက်မွေးဝမ်းကျောင်း ပညာအပိုင်း အကုန်လုံး ဘက်စုံသည် တစ်ခုတည်း ဖောင်းချလို့ မရဘူး။ ပေးတဲ့ ဘတ်ဂျက်ကိုရော၊ သင်ကြားတဲ့ စနစ်ကော အားလုံးသည် မိမိလုပ်တဲ့ လုပ်ငန်းဟာ ထုထည်ပမာဏရော ကျယ်ပြောလှတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဟန်ချက်ညီဖို့ အမြဲတမ်းသတိထား ကြိုးစား ဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယကတော့ Timing ပါ၊ Timing မှာလည်း ကျွန်တော်တို့ ကျောင်း အခု ဖွင့်လှစ်မယ့်ကိစ္စတွေ ကျွန်တော်တို့ အနည်းငယ် တင်ပြခွင့်ပြုပါ။ ဒီအချိန်မှာ ကျွန်တော်တို့ ကျောင်းဖွင့်ခွင့်တောင်းလို့ ဖွင့်ခွင့်ပေးသော်လည်း ဆရာ/ဆရာမ ခန့်တာ သည် ကျွန်တော် ဧပြီ၊ မေ မှ တစ်ပြည်လုံးရဲ့ အပြောင်းအရွှေ့၊ ရာထူးတိုး ထုထည်ကြီး တစ်ခုလုံးလုပ် ပါတယ်။ ကြားဖြတ် အောက်တိုဘာ၊ သီတင်းကျွတ်မှာ ၂၅ ရက်မှာ ဆောင်ရွက်ပါတယ်။ ကျောင်းဖွင့်ခွင့်ကို Timing နဲ့ မလုပ်ဘဲနဲ့ကြားပေါက်ပေးသော် ပေးလို့ရသော်လည်းပဲ နောက်က ဆရာလိုက်တဲ့ အုပ်ချုပ်မှုကိစ္စ၊ ကျွန်တော်တို့ ကလေးဘဝတုန်းက ဘုရင်ကြီး၊ ခွေးသားအုပ်မကြီးကို (၁၀)ခေါက်လောက် ကြည့်ရမယ့် အပိုင်းမျိုးဖြစ်ရင် ဒီ ပညာရေးရဲ့ ထုထည်ဟာ ကြီးမားလွန်းတဲ့အတွက် ဆန်စင်ရာ ကျည်ပွေ့လိုက်၊ ငါးပွက်ရာ ငါးစာချ ဖြစ်သွားမယ် ဆိုရင်တော့ Timing နဲ့ ကျွန်တော်တို့ ဆောင်ရွက်သွားမယ်ဆိုရင်တော့ အောက်က လိုချင်တာရော၊ အပေါ်ရော၊ နိုင်ငံတော် အတွက်ရော အားလုံးအဆင်ပြေ သွားမယ်၊ ကျွန်တော့် အမြင်ကတော့ တစ်နှစ်မှာ တစ်ကြိမ်ပဲ ကျောင်းဖွင့်ခွင့်က စသင့်ပါတယ်။

အဲဒီအချိန်မှာလည်း လုံလောက်အောင်၊ ပြည့်စုံအောင် အပြီးအစီး တကယ် ပေးသင့်တာ ပေးဖို့ ကျွန်တော့်အမြင်နဲ့ ပြောရရင်တော့ လာမယ့် ၂၀၁၃-၂၀၁၄ ပညာသင် နှစ်သည် ဇန်နဝါရီလ ၅ ရက်မှာ ပြည်နယ်/တိုင်း (၁၈)ခုကပေးမယ့် ကျောင်းအသစ် ဖွင့်လှစ်ခြင်း အဆင့်တိုးမြှင့် အားလုံးကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ဒေသကြီးအစိုးရ များ အပါအဝင် ပညာရေးကဏ္ဍ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးစုပေါင်းပြီးတော့ သတ်မှတ် ကျောင်းသားအရေအတွက် မပြည့်သော်ငြားလည်း မည်သည့် ကျောင်းကို၊ ဖြစ်သင့်တဲ့ကျောင်း Ground မှာ ရှိတဲ့အနေအထားနဲ့ ဦးစားပေး အစီအစဉ်အလိုက် တင်မယ်ဆိုရင် ရေရှည်ဆောင်ရွက်မယ့်အပိုင်းမှာ အားလုံး တစ်ကြိမ်တည်းနဲ့ အားလုံး ပြီးသွားမှာပါ။ အလီလီနဲ့ ပေးနေလို့ရှိရင် စာအုပ်တွေပေးနေရင် ကျွန်တော်တို့မှာလည်း တချို့ (၁၀)အုပ်ပေးရင် (၂)ခုပဲ လုပ်နိုင်တယ်။ (၅)ခု လုပ်နိုင်ပါတယ်။ တစ်ကြိမ်တည်း တစ်ပြိုင်တည်း ဆောင်ရွက်တယ်။ တစ်နှစ်၊ တစ်ကြိမ် ဆိုရင် ကျောင်းဖွင့်လှစ်ခွင့်က Timing ကိုက်ဆောင်ရွက်ရင် ပိုသင့်တော်မယ်လို့ ကျွန်တော် ဥဏ်မီသမျှ တင်ပြလို ပါတယ်။

နောက်တစ်ခုကတော့ Time and Distance၊ ကနေ့ အနေအထားအရှိအတိုင်း ကျွန်တော်တို့ ပညာရှင်ကြီးများနဲ့ Workshop လုပ်ပါတယ်။ (၃) ရက်။ အဆင့်မြင့်ရော၊ အခြေခံရော၊ ပညာရေးမှာ ဦးမြတ်ဥာဏစိုး ပြောသလိုပါပဲ။ နောက်ကျတာ မဟုတ်ပါဘူး။ ပြင်စရာတွေက မြန်မာပြည်မှာ အများကြီးပါပဲ။ ဘယ်ကစပြင်မလဲ၊ ဘာကို အရင်လုပ်မလဲဆိုတာ စဉ်းစားဖို့ပါ။ ပြင်သင့်တာ၊ ဖြစ်သင့်တာ ဆိုပေမယ့် ဖြစ်နိုင်တာ၊ ဖြစ်နိုင်တာတောင် ကျွန်တော်တို့က ဘယ်ဟာက စလုပ်ရမလဲ ဆိုတာ စဉ်းစားနေတဲ့ လုပ်ရတဲ့အပိုင်း ရှိပါတယ်။ ကျွန်တော်တို့ အာဆီယံအသိုက်အဝန်း ဖြစ်တဲ့အတွက် ဘယ်လိုမှ လွှဲရှောင်လို့ မရတဲ့အခါ ပညာသင်ကြားကာလ အခြေခံပညာအားလုံး သိရှိပြီး ဖြစ်ပါတယ်။ (၁၁)နှစ်ပဲ ရှိပါတယ်။ ကျွန်တော်တို့ ကလေးတုန်းက (၁၃)နှစ်ပါ။ K.G မပါရင် (၁၂)နှစ်ပါ၊ ဒီဥစ္စာက ၁၉၆၆-၁၉၆၇ ခုနှစ်လောက်က စလုပ်တာ အခု (၁၂) နှစ် လုပ်ဖို့အတွက် ဖြစ်သင့်တယ် ဖြစ်ကို ဖြစ်ရမယ်ဆိုတဲ့ နောက်က အကြောင်းအမျိုးမျိုးနဲ့ မလိုက်နိုင်တဲ့အတွက် ကျွန်တော်တို့ အဲဒီ Workshop ကပဲ ဒါ ဖြစ်ရမယ်ဆိုတဲ့ ထောက်ခံ ဆွေးနွေးပါတယ်။ ဖြစ်ရမယ်ဆိုတဲ့ အတွက် ကျွန်တော်တို့ ဒါသည် (၇)တန်း ဒီနှစ်တက်တဲ့ ကလေးများ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ (၁၁)တန်း ဖြစ်ပါမယ်။ အဲဒီအတွက်က သင်ရိုးပြင်ဆင်ခြင်း၊ ဆရာခန့်ခြင်း၊ ကျောင်းအဆောက်အဦ ပရိဘောဂ ပြည့်စုံခြင်း၊ ဒီအပိုင်းတွေ ကျွန်တော်တို့ ဒါကွင်းဆင်း၊ အားလုံးပညာရှင်များရော မျိုးစုံတွက်ချက် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကတော့ Time and Distance ရဲ့ Timing ပါ။ နောက်ဆုံးအချက်ကတော့ ဝန်နှင့်အား၊ လေးနှင့်မြှားပါ။ ကိုယ့်ရဲ့ Capacity ဘယ်လောက်ရှိသလဲ။ Capacity မရှိဘဲနဲ့ ကလေးလို ကန်တော့ပါရဲ့ခင်ဗျာ။ ဖင်မနိုင်ဘဲ ပဲကြီးဟင်းပါဆိုသလို။ မနိုင်အားနဲ့ ဆောင်ရွက်မယ်ဆိုရင်လည်း စေတနာတော့ကြီးတယ်။ လက်တွေ့အလုပ်မှာတော့ မအောင်မြင်နိုင်ပါဘူး။

အဲဒီတော့ ကနေ့ အနေအထားသည် ပညာရေးကဏ္ဍသည် အားလုံးလွှတ်တော်ကိုယ်စားလှယ် အထက် အမျိုးသားလွှတ်တော်ရော ပြည်သူ့လွှတ်တော်ပါ အပါအဝင် အားလုံးသည် ပညာရေးအပေါ်မှာ ငွေရေးကြေးရေးကအစ အကုန်လုံး လောလောဆယ်လည်း အမှန်အတိုင်းပြောရင် ကျွန်တော်တို့ ရှေ့နှစ်၊ ညွှန်ကြားရေးမှူးချုပ် လုပ်လို့ ဘတ်ဂျက်

ခွင့်ပြုငွေထက် အခု တစ်နှစ်နဲ့ ငွေက ပိုများပါတယ်။ လက်တွေ့ ကျွန်တော်တို့မှာလည်း ဘာဖြစ်လဲဆိုတော့ ထုတည်ကြီးတဲ့အတွက် တင်ဒါ ခေါ်ရတာတော့ မျိုးစုံကန့်သတ်ချက်ကလေးတွေ ရှိပါတယ်။ ရှိတဲ့အတွက် တချို့ သဘောရိုးနဲ့ အားလုံး ကြိုးစားနေပါတယ်။

အခုလောလောဆယ်လည်း ကျွန်တော်တို့ BE နဲ့ RE မှာ ငွေပြန်အပ်တယ်ဆိုတဲ့ သတင်းလေး ရရင် (၁၅) ဘီလီယံပဲ ပြောပါတယ်။ ပညာရေးသည် လိုတာပဲရှိရမည်၊ ပိုတာမရှိရဘူး ဆိုသော်လည်း ကျွန်တော် လက်တွေ့မှာ အုပ်ချုပ်မှုအတွေ့အကြုံ ထုထည်ပမာဏကြီးမားတဲ့ငွေ သန်းသောင်းထောင်ချီတဲ့ တက္ကသိုလ် အဆောက်အဦက ပိုဆိုးပါတယ်။ ဒီအဆောက်အဦတွေ အပ်ဖို့ကိစ္စ၊ ဒါလေးတွေ ရှိတယ်ဆိုရင်လည်း အားနည်းချက် သတင်းရှိရင်လည်း ကျွန်တော်တို့ ဝန်ကြီးအပါအဝင် ကျွန်တော်တို့ကို အကြံဉာဏ်ပေးပါ။ အားလုံးအကောင်းဆုံး ပြုပြင်ဆောင်ရွက်ပါမယ်။

အဲဒီတော့ နောက်ဆုံးအနေနဲ့တော့ အဆိုရှင်ရဲ့အဆိုဟာ အင်မတန် သင့်လျော်ပါတယ်။ ကျွန်တော်တို့လည်း ဝမ်းပမ်းတသာ ကြိုဆိုပါတယ်။ ပညာရေးအပေါ် အလေးအနက် ဖြစ်တဲ့အတွက်။ ကျွန်တော်တို့အနေနဲ့လည်း တတ်စွမ်းသမျှ ဆောင်ရွက်နေပြီ ဖြစ်တဲ့အတွက် အဆိုရှင်ရဲ့အဆိုကို ကျွန်တော့်အနေနဲ့ မှတ်တမ်းတင်ဖို့ကိုပဲ တင်ပြရင်းနိဂုံးချုပ် ခွင့်ပြုပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ငြိမ်းရဲ့ သဘောထားပြောပါ။

**အချိန်၊ ၁၂း၅၂။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးစီးပွားအတွက် စေတနာရှေ့ထားပြီးတော့ ဒီအဆိုကို တင်သွင်းခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အဲ ဒီလွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးသွားသလို နိုင်ငံတော်အစိုးရအနေနဲ့လည်း ချက်ချင်းဆောင်ရွက်ဖို့ အခက်အခဲ ရှိမယ်ဆိုတာလည်း ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ သို့သော် အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ ခံယူပြီးတော့

စီမံချက်နဲ့ရေရှည် ဆောင်ရွက်သွားရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ရေရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းအဖြစ် မှတ်တမ်းတင်ထားပေးဖို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။မူလအဆိုရှင်ရဲ့ ဆန္ဒအရ ဦးအောင်ငြိမ်းရဲ့အဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၅၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အကြောင်းကြားမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးကို နေ့လယ် (၁) နာရီမှာ ကျင်းပမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါတယ် ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစည်းအဝေးကို ၁၂း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]